ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (23-10-2006) (၅၁၁၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff , General Liang Guanglie အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ စစ်သံမှူး Senior Colonel Fan Lian Feng နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၁၀-၂၀၀၆
(တနင်္လာနေ့)

အရည်အသွေးမြင့်ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲများရောင်းချသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ

နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်မြင့်မားတိုးတက်စေရေးတွင် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရေးနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို တန်ဖိုးမြှင့် ထုတ်လုပ်သုံးစွဲရေးတို့သည် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သဘာဝသယံဇာတ အရင်းအမြစ်များအနက် သတ္တုကဏ္ဍမှ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်နှင့် နိုင်ငံသား ပုဂ္ဂလိကကျောက်မျက်ရတနာကုမ္ပဏီများ အကျိုးတူ လုပ်ကိုင်လျက်ရှိရာ အရည်အသွေးကောင်း ကျောက်မျက်၊ ကျောက်စိမ်းများ တိုးတက်ထွက်ရှိလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ ၁၉ ရက်နေ့မှစတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါ ကျောက်မျက်ရတနာပြပွဲတွင် ပုလဲ ၂၉၁ တွဲ၊ ကျောက်မျက် ၄၆၈ တွဲနှင့် ကျောက်စိမ်း ၄၂၃၇ တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချလျက်ရှိသည်။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းတို့နှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများ၊ ရတနာလုပ်ကွက်များမှ တူးဖော်ရရှိသော အရည်အသွေးမြင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပါဝင်ပြသထားကြောင်း တွေ့ရသည်။

ယခုအခါ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၂ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၄၆၀ မှ ရတနာကုန်သည် ၁၇၈၄ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၉၂ ခုမှ နိုင်ငံသားရတနာကုန်သည် ၁၂၂၀ စုစုပေါင်းရတနာကုန်သည် ၃၀၀၄ ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ကျယ်ပြန့်စွာ တိုးတက်လာလျက်ရှိရာ ယခုခင်းကျင်းပြသလျက်ရှိသည့် ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ အရည်အသွေးကောင်း ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ရောင်းချခြင်းဖြင့် ခိုင်မာသော ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် ကမာရွတ်မြို့နယ် ရွှေစံပယ်ရိပ်မွန်နေ ကွယ်လွန်သူ မိခင်ကြီးဒေါ်သောင်းအား ရည်စူး၍ ဦးသန်းရွှေ-ဒေါ်တင်တင်အုန်း၊ သား၊ သမီး၊ မြေးတစ်စုတို့က အလှူတော် ငွေကျပ် ၂၀၀၀၀၀ ကို အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ရှေ့မှောက်၌ အကျိုးတော်ဆောင် မောင်အောင်နေလင်း (ညောင်ဦး)ထံသို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ဆွေးနွေးပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီကကြီးမှူး၍ အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသည့် လူနာများနှင့် မိသားစုအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအတွင်းရှိ စေတနာရှင် လူမှုရေး အသင်းအဖွဲ့များ အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဝေဒနာရှင် မိသားစုများအား အာဟာရဆိုင်ရာ ကူညီထောက်ပံ့ခြင်း၊ မိသားစုဝင်များ ကျောင်းနေနိုင်ရန် စီစဉ်ပေးခြင်း၊ လူနာနှင့်မိသားစုဝင်များအတွက် မိသားစုဝင်ငွေ ရရှိအောင် အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားနိုင်ရေးအတွက် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် လူနာ၏မိသားစုနှင့် ပတ်ဝန်းကျင်ကလည်း လူနာကို ပစ်ပယ်မထားဘဲ နွေးထွေးစွာ အားပေးကူညီစောင့်ရှောက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ခုခံကျ/ကာလသား) ဒေါက်တာကံဦးနှင့် ရန်ကုန်တိုင်း အဆုတ်ရောဂါဆရာဝန်ကြီး ဒေါက်တာမျိုးဇော်တို့က အေအိုင်ဒီအက်စ်၊ တီဘီရောဂါလူနာများနှင့် မိသားစုများအတွက် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကျန်းမာရေးဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည် လူနာများနှင့် မိသားစုများအတွက် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီက ကြီးမှူးကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့သည် ခန်းမအပြင်၌ ပြသထားသည့် အေအိုင်ဒီအက်စ်နှင့် တီဘီရောဂါကာကွယ်ကုသရေးဆိုင်ရာ ပညာပေး ပိုစတာများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ၊ ပဓာနကမ္မဋ္ဌာနာစရိယ (နယ်လှည့်သာသနာပြုဓမ္မကထိက) ဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ **(က-ပ)**

ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ သတ္တမအကြိမ် စုပေါင်းမဟာဘုံကထိန်ပွဲတော်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာ နောက်ကျောဘက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်ကြီးတွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော် အမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့အား သတ္တမအကြိမ် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၃ ရက်) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အကြိုဓမ္မသဘင်ကို နိုဝင်ဘာ ၂ ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိနှင့် နိုဝင်ဘာ ၃ ရက်တွင် သီတဂူဆရာတော် ဒေါက်တာဉာဏိဿရ အရှင်သူမြတ်တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။

မဟာဘုံကထိန် ပွဲတော်အတွက် လှူဒါန်းလိုသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ(၁၈၁)သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အောက်တိုဘာ ၂၀ ရက်က တာမွေမြို့နယ် အမက(၇)တွင် စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများအနက်မှ ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ ဂုဏ်ပြုပွဲကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင်များဖြစ်သော မစုရည်မွန်၊ မအေးစုခိုင်ဦး၊ မဆုနွဲ့ဇင်နှင့် ငါးဘာသာဂုဏ်ထူးရှင် မဝင်းအိခိုင်တို့အား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက ဂုဏ်ပြုငွေနှင့် ဆုကလပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

သွေးချင်းသားချင်းတို့၏ အနုပညာရတနာ

မိုးထက်မြင့်
(မြစ်ဝကျွန်းပေါ်)

“ကချင်–ကယား–ကရင်–ချင်း–ဗမာ–မွန်–ရခိုင်–ရှမ်း တို့တတွေ ပြည်ထောင်စုဘွား xxx တိုင်းရင်းသား xxx ညီအစ်ကို မောင်နှမတွေ သွေးစည်းကာသာလေ xxxညီညွတ်ချစ်ကြည်နေ xxxအေးအတူပူအမျှ xxx မူအရ အတူတကွ xxx လက်တွဲကြမယ်လေ xxx လာလာလေ xxxလာကြပြီလေ xxx ရေမြေတောအနှံ့က xxx တို့ဆွေသဟာတွေ xxxရပ်ဝေးကဆွေ xxxရပ်နီးကဆွေ xxxစုပေါင်း ညီညာစေ xxx”

ဂီတလုလင် ဦးကိုကိုက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဦးစားပေးရန် အသိပေးလှုံ့ဆော်သောအားဖြင့် အထက်ဖော်ပြပါ တို့ပြည်ထောင်စုသား တေးသီချင်းကို ရေးစပ်သီကုံးခဲ့ပါသည်။

တေးသီချင်းများသည် ကိုလိုနီနယ်ချဲ့လက်အောက်၌ တိုင်းရင်းသား လူမျိုးများ မီးခဲပြာဖုံးဖြစ်နေသော မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုစိတ်ဓာတ် တို့ကို လှုံ့ဆော်နိုင်ခဲ့ကြပါသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်စဉ် **“ရွှေဂုံမောင်”**ရေးစပ်၍ လေဘာတီ မမြရင် သီဆိုသော **“တို့တာဝန်”** သီချင်းသည် ပြည်သူ့အင်အားကို စည်းရုံးရယူနိုင်ခဲ့ပါသည်။ **“တို့ဘာသာ သာသနာ xxx တကယ် မညှိုးဖို့ရယ် xxx မြန်မာမျိုးတို့ ဗမာဂုဏ်ရည်တိုးမည် xxxတို့တာဝန် တစ်လီ xxx ဆောင်ရွက်ကြအရှည် xxx စိတ်ဝမ်းမကွဲအောင် ထာဝစဉ် စွဲအတည် xxx ”**

၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက် ရွှေဂုံတိုင် အနောက်ဘက်ကွင်း ကြီးတွင် တပ်မတော်အင်အားပြပွဲအတွက် ရွှေတိုင်ညွန့်က **“တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”**သီချင်းကို ရေးစပ်၍ ပြည်သူလူထု ၏အကူအညီကို ရယူခဲ့ပါသည်။

“တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ xxx ရဲဘော်အပေါင်းကို xxx ကိုယ့်သွေးသားမို့ xxx အစဉ် မမေ့အပ်ပေသည်။”

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ပျော်ရွှင်ခြင်း၊ စိတ်ဓာတ်တက်ကြွခြင်း၊ ဇာတိသွေး၊ ဇာတိမာန်ကို ဖြစ်ပေါ်စေခြင်း၊ ယဉ်ကျေးမှု ဓလေ့စရိုက်များ မပျောက်ပျက်စေရန် တိုက်တွန်းနှိုးဆော် ခြင်းဟူသော စွမ်းအားများ စုစည်းပါဝင်နေသော အနုပညာစွမ်းပကား များသည် တန်ဖိုး မဖြတ်နိုင်ပါ။

မြန်မာ့ဂီတ၏ တေးသီချင်းအစသည် မြင်စိုင်းခေတ် ကာချင်းများက စတင်ခဲ့ပါသည်။ ထိုကာချင်းများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာဂုဏ်တို့ကို ထွန်းတောက်စေပြီး စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုကို ဦးစားပေး ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။ ပျူ၊ ပုဂံ၊ မြင်စိုင်းခေတ်၏ ယဉ်ကျေးမှုနိဒါန်းသည် အင်းဝခေတ်တွင် ပိုမိုထွန်းကား လာခဲ့ပါသည်။

မြန်မာတို့သည် မျိုးရိုးဂုဏ်ရှိန်မြင့်မားထည်ဝါသော လူမျိုးအဖြစ် သမိုင်းစဉ်အဆက်ဆက်တွင် မြှင့်တင်ပေးလာခဲ့သော အစဉ်အလာကောင်း များစွာရှိခဲ့ပါသည်။ ထိုအစဉ်အလာကောင်း၊ စွမ်းရည်ကောင်းများကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ထိုအစွမ်းထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့် လူမျိုးအတွက် အသုံးချနိုင်ရန် သမိုင်းပေးတာဝန်တစ်ရပ် အဖြစ် ခံယူပြီး မြန်မာနိုင်ငံတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၄)ကြိမ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

အနုပညာစွမ်းအား ကြီးမားနက်ရှိုင်းပြီး အမျိုးသားရေး အနှစ်သာရ အားဖြင့် ယဉ်ကျေးမှုတန်ဖိုး မဖြတ်နိုင်သော အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များအဖြစ် မြန်မာ့ဇာတ်သဘင် ရုပ်သေးသဘင်တို့ကိုပါ ပြန်လည်ဖော်ထုတ်ပေးလျက်ရှိနေပါသည်။ အနုပညာရပ် တစ်ခုချင်းစီ အပေါ်တွင် ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်၊ အနုပညာရပ်၏ ပြည်သူ များအပေါ် စည်းရုံးနိုင်မှုစွမ်းအား၊ အနုပညာရပ်တစ်ခုချင်းစီ၏ ပြည်သူ လူထု သိမြင်ခံစားနိုင်မှုတို့သည် အံ့သြဖွယ် တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို နိုးကြားတက်ကြွ စေရန်၊ အမျိုးသား ရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် အမျိုးသားစွမ်းအားစု ပိုမိုထက်မြက်ခိုင်မာလာစေရန်ဟူသော ရည်မှန်းချက်များကို အနုပညာ စွမ်းပကားဖြင့် စွမ်းဆောင်မြှင့်တင်ရန် ရည်ရွယ်သဖြင့် မျိုးချစ်စိတ်ဓာတ် နိုးကြားတက်ကြွစေရေး ပြိုင်ပွဲကြီးဖြစ်ပါသည်။

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို တိုင်းတာသော အရာဖြစ်ပါသည်။ လူမျိုးတစ်မျိုး၏ အနှစ်သာရသည် ထိုလူမျိုး၏ ရိုးရာယဉ်ကျေးမှုအပေါ်တွင် အဓိက မူတည်နေပါသည်။ ယဉ်ကျေးမှုဆိုရာ၌ ကိုယ်၊ နှုတ်၊ စိတ်၊ အမူအရာ အမျိုးမျိုးနှင့် ဝတ်စားဆင်ယင်မှု၊ ပန်းချီ၊ ပန်းပု၊ စာပေ၊ ဂီတ၊ အဆို၊ အက၊ ယုံကြည်ကိုးကွယ်မှု စသည်တို့ ပါဝင်ပါသည်။ မြန်မာတို့သည် ရှေးဘိုးဘေးဘီဘင် အစဉ်အဆက်ကတည်းက ရိုးရာယဉ်ကျေးမှုများကို အစဉ်တစိုက် မြတ်နိုးစွာ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်။

အမျိုးသား ယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်မှသာ ဇာတိမာန် စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ထာဝစဉ်နိုးကြား ရှင်သန်နေမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကောင်းမြတ်သော အစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်ကောင်းများ မပျောက်ပျက် မတိမ်ကောစေရန် ယဉ်ကျေးမှုအနှစ်သာရများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးလျက် ရှိနေပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ယဉ်ကျေးမှုသင်တန်းများလည်း ပို့ချပေးလျက်ရှိနေပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ကျေးဇူးကြောင့် ပြည်သူလူထုအကြား မဟာဂီတ သီချင်းများ၊ ဂန္ထဝင်သီချင်းများ၊ ရုပ်သေးသဘင်၊ ဇာတ်သဘင်တို့သည် အနေတင့်၍ စင်မြင့်ပေါ်တွင် ဝင့်ထည်စွာ နေရာယူနေကြပြီဖြစ်ပါသည်။ ပြိုင်ပွဲ၏ အဓိက အနှစ်သာရဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ်များ ထွန်းကားပြန့်ပွားရေးကို ဖော်ဆောင်နိုင်ခဲ့ပါသည်။

အင်းဝခေတ်နံရံဆေးရေးပန်းချီများအရ သဘင်အစ မြင်စိုင်းကဟူ၍ မြင်စိုင်းရုပ်သေးနှင့် နန်းတွင်းဇာတ်တော်များ အင်းဝခေတ်တွင် ပေါ်ပေါက် နေပြီ ဖြစ်ပါသည်။

အခက်၊ အလက်၊ အသီး၊ အရွက်များဖြင့် ပြည့်စုံနေသော မြန်မာ့ယဉ်ကျေးမှု ပင်စည်ကြီးသည် အင်းဝခေတ်တွင် အလုံးအရင်းနှင့် ရှင်သန်ကြီးထွားလာခဲ့ပါသည်။ ကုန်းဘောင်ခေတ် ရောက်သောအခါ စာဆိုများ၊ အနုပညာရှင်များ၏ တီထွင်ဖန်တီးမှုများကြောင့် မြန်မာ့အနုပညာ များ ပိုမိုဆန်းသစ်လာခဲ့ကြပါသည်။

မြန်မာ့သဘင် ဂီတအနုသုခုမကိုကြည့်လျှင် အလွန်သိမ်မွေ့ ညင်သာ၍ အဆင့်မြင့်သော ယဉ်ကျေးမှုဟန် အပြည့်ရှိပါသည်။ မြန်မာတို့၏ မြေဝိုင်းအက၊ တပင်တိုင်အက၊ နှစ်ပါးသွားအက၊ ရုပ်သေးအက၊ စည်တော် အက၊ နေရာတော်ခင်းအက၊ အပျိုတော်အက၊ ရွှေအိုးစည်အက၊ ဆီမီးခွက်အက၊ ယိမ်းအကတို့မှာ ကြည့်၍ယဉ်သလို သီချင်းကြီး၊ သီချင်းခံ၊ ဘွဲ့၊ ကြိုး၊ ပတ်ပျိုးတို့မှာလည်း နားဆင်၍ ကောင်းလှပါသည်။ ထို့အတူ မြန်မာ့ဆိုင်းဝိုင်းသံ၊ ဗြောသံ၊ ဒိုးပတ်သံ၊ အိုးစည်သံတို့မှာလည်း နားဝင်ပီယံဖြစ်ရပါသည်။ မြန်မာ့စောင်းမှာလည်း ငြိမ့်ညောင်းသာယာ လှပါသည်။ မြန်မာ့သဘင် ဂီတအနုပညာတို့မှာ အချိန်အခါ နေရာဌာန အလျောက် သူ့နည်းသူ့ဟန်ဖြင့် ယဉ်ကျေးသိမ်မွေ့သော သဘောကို ဆောင်လျက်ရှိပါသည်။

“ဇာတိပုည ဂုဏ်မာန”ဟူသောစကားမှာ မြန်မာတို့၏ မျိုးရိုး ဇာတိမြင့်မားမှု၊ စိတ်ဓာတ်မြင့်မားမှု၊ ယဉ်ကျေးဖော်ရွေပျူငှာမှု၊ မျိုးချစ် စိတ်ဓာတ်ရှိမှု အစရှိသည့် အမျိုးသားရေးလက္ခဏာများကို ဖော်ညွှန်းခြင်း ပင် ဖြစ်ပါသည်။

တေးသီချင်း၊ ကဗျာ၊ လင်္ကာများသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလမှစ၍ ယနေ့ခေတ်တိုင်အောင် ခေတ်အဆက်ဆက် သမိုင်းတွင်အောင် မျိုးချစ်စိတ်ဓာတ်များကို သယ်ဆောင်နိုင်ကြပေသည်။

ယခု(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင် တင်ဆက်ခဲ့ကြသည်။ ဒါနပါရမီ ဖြည့်ဆည်းသည့်နေရာတွင် ပုထုဇဉ် မှန်သမျှ စိတ်ပင်မကူးရဲသည့် အလှူဒါနပါရမီရှင် ဗုဒ္ဓလောင်းလျာ ဝေဿန္တရာ မင်းကြီး၏ ဇာတ်တော်ကို ကြည့်ရှုလေ့လာခွင့်ရခဲ့ပါသည်။

ဝေဿန္တရာဇာတ်တော်ကြီးမှတစ်ဆင့် မြန်မာတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဘာသာတရား အဆုံးအမများ၊ စေတနာသဒ္ဓါတရားများ ကို သိရှိနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသများကို ပိုမိုလေ့လာသိရှိ နားလည်ခြင်းဖြင့် ယဉ်ကျေးမှု အသိဉာဏ်၊ ကိုယ်ကျင့်တရားတို့ ပိုမို မြင့်မားလာစေရန် ရည်ရွယ်၍ ယှဉ်ပြိုင်တင်ဆက်စေခြင်း ဖြစ်ပါသည်။

ထိုနည်းတူပင် ရုပ်သေးဇာတ်တော်ကြီး ပြိုင်ပွဲ၌လည်း သဒ္ဓါသုမန ဇာတ်တော်ကြီးကို ယှဉ်ပြိုင်စေပါသည်။ ရည်ရွယ်ချက်မှာ ကောင်းသော အကျင့်စရိုက်များ၊ ကိုးကွယ်ဆည်းကပ်မှု၊ အမှန်အမှား ခွဲခြားတတ်စေ ရန်နှင့် လူ့သဘာဝစရိုက်များကို သိရှိ၍ ခွဲခြားတတ်စေရန် ရည်ရွယ် ပါသည်။

ယခုနှစ်တွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက် (၇)ရပ်ဖြင့် နေပြည်တော်တွင် ကျင်းပလျက်ရှိရာ တိုင်းနှင့်ပြည်နယ် အသီးသီးမှ ပြိုင်ပွဲဝင် ၂၂၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်ကို အားရဂုဏ်ယူဖွယ် တွေ့ရှိရပါသည်။ ပြိုင်ပွဲဝင်များ အားလုံးသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို မူလဗီဇမြတ်နိုးထိန်းသိမ်း တတ်ကြသူများ ဖြစ်ကြပြီး စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာလာစေရေးကို အလေးအနက်ထား၍ ဝင်ရောက်ယှဉ်ပြိုင် ကြသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူအားတက်စရာဖြစ်ပါသည်။

နိုင်ငံတကာအလယ်တွင် နိုင်ငံနှင့်လူမျိုး ထည်ထည်ဝါဝါရပ်တည် နိုင်ကြရန် မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်ရန် နိုင်ငံသားတိုင်းက အလေးထား ထိန်းသိမ်းစောင့်ရှောက် ကြရမည် ဖြစ်ပါသည်။ မြန်မာ့အတွေးအမြင်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ပြန်လည်ဖော်ထုတ်ခြင်းအားဖြင့် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့စရိုက် ထုံးတမ်းအစဉ်အလာ များသည် ခိုင်မာတိကျ၍ လေးနက်နေမည်ဖြစ်ပါသည်။

မိမိတို့၏ အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း မြင့်မားမှု၊ တန်ဖိုး ကြီးမားမှု၊ အနှစ်သာရပြည့်ဝမှုတို့ကို ထာဝစဉ် နိုးကြားတက်ကြွ ရှင်သန်နေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ တစ်ဆင့် ကြိုးပမ်းစွမ်းဆောင်ကြရန်လိုပါသည်။ မျိုးဆက်သစ် အနုပညာရှင်များ အားလုံးသည်လည်း ဤတာဝန်ကို ကျေပွန်တက်ကြွစွာ ထမ်းဆောင်နေသည်ကို မြင်တွေ့နေရပါသည်။

နိုင်ငံတော်အစိုးရက အမိမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်၍ နယ်ပယ် ကဏ္ဍစုံတွင် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းရာ၌ လူမှုရေးဦးတည်ချက်(၄)ရပ်အနက် အမှတ်စဉ်(၂)တွင် **အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး** ဟူ၍ အတိအလင်း ထည့်သွင်းပြီး ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် ခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှု၊ နယ်မြေပိုင်နက် တည်တံ့ခိုင်မြဲမှု တို့ကို ပြည်သူတိုင်း၊ နိုင်ငံသားတိုင်း အသက်နှင့်ထပ်တူ စောင့်ရှောက်ကြ ရန် တာဝန်ရှိပါသည်။ ထို့အတူပင် အမျိုးသားရေး စရိုက်လက္ခဏာများကို ကာကွယ်ထိန်းသိမ်းရန်မှာလည်း မိမိလူမျိုး၊ မိမိမျိုးနွယ်စု ရှင်သန် တည်မြဲရေးအတွက် အသက်သွေးကြောဖြစ်၍ အမြဲအစွမ်းထက်မြက်နေရန် လိုအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း အမျိုးသားရေးစိတ်ဓာတ်နှင့် ဇာတိမာန်များ အစဉ်နိုးကြားတက်ကြွနေစေနိုင်သည့် သွေးချင်းသားချင်း တို့၏ အနုပညာရတနာဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို စဉ်ဆက်မပြတ် ဆက်လက်ကျင်းပ သွားနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

ဦးထွန်းရီ(၆)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက် ဦးချစ်မောင်လမ်းနေ ဒေါ်သန်းရီမိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပါဝင်ယှဉ်ပြိုင်

တောင်ဥက္ကလာပ မူလတန်းကြိုကျောင်း ကျောင်းတွင်းဉာဏစွမ်းရည်ပြိုင်ပွဲ နှင့် ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမဆောင်၌ ကျင်းပရာ (အေ)တန်းမှ မောင်ဖြိုးစည်သူနှင့် အဖွဲ့က “ဆွမ်းအုပ်နီနီ” သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်စဉ်။ (က–ပ)

လျှင်ဘေးအန္တရာယ်အတွက် ဆွစ်ဇာလန်တွင် ကြိုတင်ပြင်ဆင်

ဂျီနီဗာ အောက်တိုဘာ ၂၁

ဆွစ်ဇာလန်နိုင်ငံ နယ်စပ်ဒေသ၌ မြေငလျင် ပြင်းထန်စွာ လှုပ်လာပါက မည်သို့မည်ပုံ ဖြေရှင်းကိုင်တွယ်မည် ဟူသည့်ကိစ္စကို နယ်စပ်ဖြတ်ကျော် ငလျင် လှုပ်မှုဆိုင်ရာ ကြိုတင်ပြင်ဆင် လှုပ်ရှားဆောင်ရွက်မည် ဖြစ်ကြောင်း ဆွစ်ဇာလန်အရေးပေါ်ဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်ကပြောကြားသည်ကို ဆွစ်ဇာလန် ရေဒီယိုက ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ဖော်ပြပါဒေသ၌ အကယ်၍ ရစ်ချ်တာစကေးခြောက်အထိပြင်းသောငလျင် တစ်ခုလှုပ်လာပါက ဒေသခံပြည်သူ ၄၂၀၀၀၀ တို့အတွက် အကူအညီများ မည်သို့ပေးမည်၊ ကယ်ဆယ်ရေး မည်သို့ဆောင်ရွက်မည် ဆိုသောကိစ္စကို စီစဉ်ဆောင်ရွက်ထားကြမည်ဖြစ်သည်။

ယင်းလှုပ်ရှားမှု ပြုလုပ်ခြင်းဖြင့် သဘာဝအန္တရာယ် အမှန်တကယ် ဖြစ်ပွားလာပါက ပိုမိုကောင်းမွန်စွာ ပြင်ဆင်ဖြေရှင်းနိုင်ကြောင်း၊ မြေငလျင် လှုပ်ရှားနိုင်သည့် အလားအလာသည် ဆွစ်ဇာလန်နိုင်ငံအတွက် အန္တရာယ် တစ်ရပ်အဖြစ် ဆက်လက်တည်ရှိ နေသေးကြောင်းလှုပ်ရှားမှုအား ကြီးမှူး ကျင်းပသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျော့ပါးရေး ဆောင်ရွက်မည်

ပေကျင်း အောက်တိုဘာ ၂၁

တရုတ်နိုင်ငံ၌ လာမည့်ငါးနှစ်တာ ကာလတွင် ကျေးရွာပေါင်း ၁၄၈၀၀၀၌ ဆင်းရဲမှု လျော့ပါးရန် စီစဉ်လျက် ရှိကြောင်း နိုင်ငံတော်ကောင်စီ ဆင်းရဲမှုလျော့ပါးရေးနှင့် ဖွံ့ဖြိုးမှုဆောင်ရွက်ရေး ဦးဆောင်အဖွဲ့ရုံး ညွှန်ကြားရေးမှူး လျူကျန်းက ပြောကြားသည်။

မြှင့်တင်ပေး

တရုတ်အစိုးရသည် အခြေခံ အဆောက်အအုံနှင့် လူမှုရေး ဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ပေးမည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေကို မြှင့်တင်ပေးမည် ဖြစ်ကြောင်း ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ ဆင်းရဲမှု လျော့ပါးရေးဝန်ကြီးအဆင့် ဆွေးနွေးပွဲတွင် လျူကပြောကြားသည်။

သင်တန်းပို့ချမည်

ကျေးလက်ဒေသများရှိ အလုပ်သမားများအား သင်တန်းများ ပို့ချမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မဟုတ်သည့် အခြားအလုပ်အကိုင်များ တိုးချဲ့ စီစဉ်ပေးမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နော်ဝေနိုင်ငံမှ လေထီးခုန် အားကစားသမားများ လေ့ကျင့်နေသည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံမှ စူဇူကီးအေပီဗွီကားတင်ပို့မှု မြင့်တက်

ဂျကာတာ အောက်တိုဘာ ၂၁

ဂျပန်နိုင်ငံ စူဇူကီးကားကုမ္ပဏီသည် ၎င်း၏ အင်ဒိုနီးရှားနိုင်ငံရှိ စက်ရုံမှ အငယ်စား အေပီဗွီကားများကို ယမန်နှစ်က ၉၃၁၈စီး ရောင်းချခဲ့ရာမှ ယခုနှစ် ပထမကိုးလပတ်တွင် အစီးရေ ၁၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာသည်။

အင်ဒိုနီးရှားနိုင်ငံ စူဇူကီးကားကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သော အပြည်ပြည်ဆိုင်ရာ ပီတီအင်ဒိုမိုဘိုင်းနီဂါကုမ္ပဏီသည် စက်တင်ဘာလအထိ ပထမကိုးလ၌ ကား ၁၀၃၅၇စီး ရောင်းချနိုင်ခဲ့သည်ဟုအခိုင်အမာပြောကြားခဲ့ကြောင်း နေ့စဉ်ထုတ် အင်ဒိုနီးရှား စီးပွားရေးစာစောင်၏ အောက်တိုဘာ ၁၇ ရက် သတင်းတွင် ဖော်ပြသည်။

အင်ဒိုမိုဘိုင်းကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ ပရီယိုကာနီအန်တိုက လောင်စာဆီ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် ပြည်တွင်းရောင်းအား ကျဆင်းနေချိန်တွင် ပြည်ပပို့ကုန် ရောင်းအားမြင့်တက်လာသည့်အတွက် အခြေအနေကို ထေမိစေကြောင်း ပြောကြားသည်။

လူခုနစ်ဦး စီးနိုင်သော အေပီဗွီကားအမျိုးအစားကို အဓိက တင်ပို့ရသော နိုင်ငံများတွင် မလေးရှား၊ ပါကစ္စတန်၊ ထိုင်း၊ စင်ကာပူ၊ ဩစတြေးလျ၊ ယီမင်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ပီရူး၊ ချီလီ၊ ဟွန်ဒူရပ်နှင့် ဂွာတီမာလာနိုင်ငံတို့ ပါဝင်သည်။

အေပီဗွီကား အမျိုးအစားကို နိုင်ငံအများစုက လက်ခံကြသဖြင့် ယခုနှစ်တွင် ကားစီးရေ ၁၂၀၀၀ ကို ပြည်ပသို့ တင်ပို့ ရောင်းချနိုင်မည်ဟု မိမိတို့ ယုံကြည်ကြောင်း ပရီယိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံမှ ထုတ်လုပ်သည့် စူဇူကီး အေပီဗွီကားတစ်စီးကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ အရှေ့မြောက်ပိုင်းဒေသတွင် တပ်ဖွဲ့ဝင် သုံးဦး သေဆုံးမှု အပါအဝင် အင်္ဂါနေ့တွင် သီးခြားတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့စဉ်အတွင်းအမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

အမှတ်(၃)တိုက်ခိုက်ရေး တပ်မဟာမှ တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး အောက်တိုဘာ ၁၇ ရက်နေ့တွင် ဒဏ်ရာရရှိခဲ့သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် ဒိုင်ယာလာပြည်နယ်တွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်နေစဉ် တွန်းလှန် တိုက်ခိုက်သူများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

အကြမ်းဖက်သမားများက အမေရိကန်တပ်ဖွဲ့ လှည့်ကင်းအား ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဒေသတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် စတုတ္ထမြောက်တပ်ဖွဲ့ဝင်တစ်ဦးအင်္ဂါနေ့ နံနက်၉နာရီခွဲခန့်က သေဆုံးခဲ့သည်ဟု ဆိုသည်။

စောစောပိုင်းသတင်းများအရ တိုက်ခိုက်ရေးတပ်ရင်း အမှတ်(၇)မှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည်အမ်ဘာပြည်နယ်တွင် တိုက်ခိုက်စဉ်အတွင်း ရရှိခဲ့သည့် ဒဏ်ရာဖြင့်သေဆုံးခဲ့သည်ဟုသိရှိရသည်။

ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းဒေသတွင် အမေရိကန် တပ်ဖွဲ့ဝင်များစီးနင်းလာသည့် မော်တော်ယာဉ် ဗုံးဖောက်ခွဲခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး အင်္ဂါနေ့က သေဆုံးခဲ့သည်ဟု အမေရိကန် စစ်ဘက်က စောစောပိုင်းတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရှမှ စံပြလယ်သမားများအား အက်ဖ်အေအိုဂုဏ်ပြုချီးကျူး

ဗန်ကောက် အောက်တိုဘာ ၂၁

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က အာရှဒေသရှိ နိုင်ငံလေးနိုင်ငံမှ စံပြလယ်သမားများ လယ်ယာစိုက်ပျိုးရာတွင် ထူးချွန်သည့် အောင်မြင်မှုများရရှိခဲ့မှုကြောင့် အင်္ဂါနေ့က ဂုဏ်ပြုချီးကျူးလိုက်သည်။

ထိုင်းမင်းသမီးသီရိဒုံက အာရှမှစံပြလယ်သမားလေးဦးဖြစ်သည့် ထိုင်းနိုင်ငံမှ ပီတီဝေါရာဝန်း၊ တရုတ်နိုင်ငံမှ ဝန်ဟိုင်ယန်၊ မြန်မာနိုင်ငံမှ ဦးမိုးဝင်းနှင့် ပါကစ္စတန်နိုင်ငံမှ ရာရှစ်ဟူစိန်တို့အား အက်ဖ်အေအိုဆုများကို ဗန်ကောက်မြို့တော်ရှိ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရုံးတွင်ချီးမြှင့်ပေးခဲ့သည်။ ယင်းဆုများမှာ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေး၊ စက်မှုကုန်ကြမ်း သီးနှံထုတ်လုပ်မှုနှင့် စိုက်ပျိုးမှုကဏ္ဍတို့အတွက် ပေးသည့်ဆုများဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မာရှယ်လောဥပဒေကို အမြန်ရုပ်သိမ်းရန် မဖြစ်နိုင်သေးဟု ထိုင်းဝန်ကြီးချုပ်ပြောကြား

ဂျကာတာ အောက်တိုဘာ ၂၂

ထိုင်းနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှု တိုးတက်ကောင်းမွန်လျှင် ကောင်းမွန်ချင်း မာရှယ်လောဥပဒေ ကျင့်သုံးမှုကို အဆုံးသတ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် လောလောဆယ်ကာလ၌ မာရှယ်လောဥပဒေကို အမြန်ရုပ်သိမ်းရန် မဖြစ်နိုင်သေးကြောင်း ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ဆူရာယုဒ် ချူလာနွန်က အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုအား စနေနေ့တွင် ပြောကြားသည်။ ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ်သည် စွမ်းအင်ဝန်ကြီး ပီယာဆာဗာစတီအမ်ရာနန်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဂျေရာပက်နှင့် နိုင်ငံခြားရေးဝန်ကြီး ပီဘူဆွန်ဂရမ်တို့ အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးအချို့နှင့်အတူ အင်ဒိုနီးရှားနိုင်ငံသို့ တစ်ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိနေစဉ် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေးအတွက် မိမိတို့အစိုးရက ကြိုးပမ်း အားထုတ်လျက်ရှိပုံကို အင်ဒိုနီးရှားသမ္မတအား ရှင်းလင်းပြောဆိုခဲ့ကြောင်း ဗိုလ်ချုပ်ကြီး ဆူရာယုဒ်က သတင်းထောက်များအား ပြောကြားသည်။ ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်တွင် သာမက အခြားဒေသများတွင် တည်ငြိမ်အေးချမ်းမှု အခြေအနေသို့ပါရောက်ရှိမည်ဆိုပါကမာရှယ်လောဥပဒေကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဆူရာယုဒ်က ပြောကြားသည်။

အင်တာနက်။

ကာဇက်စတန်နိုင်ငံ ဗိုင်ကိုနူး အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဥရောပ မိုးလေဝသဂြိုဟ်တုကို သယ်ဆောင်သွားမည့် ရုရှား၏ ဆိုယုဇ်-၂ ဒုံးပျံအား လွှတ်တင်ရန် ပြင်ဆင်နေသည်ကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။*(ဓာတ်ပုံ-အင်တာနက်)*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ASEAN+3တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသော အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၁၆ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ASEAN+3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ဗိုလ်မှူးကြီးစိုးလွင် ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ဦးပါ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်မြင်မှုရရှိရေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ ယခုပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကို အခြေခံပြီး လာမည့်ပြိုင်ပွဲများတွင် ပိုမိုအောင်မြင်မှုရရှိနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းလေ့ကျင့်ရေး၊ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ကို အရင်းတည်၍ ပြိုင်ပွဲများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ လုံ့လဝီရိယ အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရေး၊ မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ပစ္စတိုပြိုင်ပွဲ

အဆိုပါ ASEAN+3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာတပ်မတော် သေနတ်ပစ်အားကစားအဖွဲ့သည် ၂၅မီတာ အမြန်ပစ် ပစ္စတိုပြိုင်ပွဲတွင် အသင်းလိုက် ဒုတိယရရှိခဲ့ပြီး တစ်ဦးချင်းပြိုင်ပွဲ၌ တပ်ကြပ်ဖော်ထွန်းသည် စတုတ္ထနှင့် ဗိုလ်ကြီးဇင်မင်းသည် သတ္တမ ဆုအသီးသီး ရရှိခဲ့ကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ASEAN+3 တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံတက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ညီလာခံနားရက် ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုအမျိုးသားပြတိုက် သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့)တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ ဗိုလ်မှူးမြင့်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက်၆နာရီတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြပြီး နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး ပရိဝုဏ်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်နှင့် အဖွဲ့ဝင်များကကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုများနှင့် ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရ ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၂၂၅၄၆၀ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှုအတွက် သာဓုသုံးကြိမ်ခေါ်ဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ဂြိုဟ်တိုင်များရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်၍ ဆီမီးနှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ကြကာ ရင်ပြင်တော်ရှိ စေတီတော်ဂေါပကအဖွဲ့ အရောင်းဆိုင်များ၌ ပြက္ခဒိန်၊ ပုံတော်၊ ဘာသာရေးစာအုပ်များနှင့် မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး ဗွီစီဒီ၊ ဒီဗွီဒီခွေများကို ဝယ်ယူကြသည်။

ထို့မှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဇံ၊ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြန်လည်ထွက်ခွာ

ရှေးဦးစွာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက သီဟာသနပလ္လင်ပြခန်း၊ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုပြခန်းနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းတို့ကိုလည်းကောင်း၊ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်က ရတနာပုံခေတ်ပြခန်းနှင့် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်းတို့ကိုလည်းကောင်း၊ လက်ထောက်ပြတိုက်မှူး ဒေါ်ငွေငွေဆွေက မင်းခမ်းတော်ပစ္စည်းပြခန်း၊ မြန်မာသမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဦးပြခန်း၊ သဘာဝသမိုင်းပြခန်းနှင့် မြန်မာနိုင်ငံသမိုင်းတင်ခေတ်ပြခန်းတို့ကို လည်းကောင်း၊ လက်ထောက်ပြတိုက်မှူး ဒေါ်သင်းသင်းအေးက မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြခန်းနှင့် မြန်မာဝါဂီနစ်ပြခန်းတို့ကို လည်းကောင်း၊ တာဝန်ရှိသူများက မြန်မာ့ရေးဟောင်းအဆင်တန်ဆာပြခန်း၊ မြန်မာ့ပန်းချီ ခန်းမဆောင်တို့ကိုလည်းကောင်း အသီးသီး လိုက်လံရှင်းလင်းပြသရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀နာရီတွင် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဝတ်ပြုဆုတောင်း

ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ ရှင်ဂျော့ဂျက်အင်္ဂလိကန် ဘုရားရှိခိုးကျောင်းသို့ သွားရောက်ကြပြီး ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ပညာရေးတက္ကသိုလ်လေကျင့်ရေးကျောင်း (TTC) (၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ် အထိ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကျွန်းအစားထိုးသစ်ဖြင့် ပြုလုပ်ထားသည့် ခေတ်မီပရိဘောဂများ မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၆ တွင် ပြသထား

သတင်းဆောင်းပါး၊ ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် အောက်တိုဘာ ၂၂

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၆ကို အောက်တိုဘာ ၂၁ ရက်မှစ၍ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိသည်။

မြန်မာနိုင်ငံသည် ကျွန်း၊သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာ့ကျွန်းသစ်မှာ ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး သစ်အမျိုးအစားတစ်ခုအဖြစ် နာမည်ရလျက်ရှိသည်။ မြန်မာ့သစ်တောထွက်သစ်အမျိုးမျိုးတွင် ယခင်ကာလများက ကျွန်းနှင့်ပျဉ်းကတိုး အစရှိသည့် အနည်းငယ်မျှသော သစ်အမျိုးအစားများကိုသာ အဆောက်အအုံနှင့် ပရိဘောဂများအတွက် အဓိကသုံးစွဲခဲ့ကြသည်။ ယခုပြပွဲတွင် ယခင်က သုံးစွဲခြင်းမရှိသေးသောသစ်များ (ဥပမာ) ရော်ဘာကဲ့သို့ သစ်များကို အသုံးပြုထားသည့် ခေတ်မီပရိဘောဂများကို ပြသထားသည်။

အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ လုပ်ငန်းရှင်များ၊ ပြည်ပဧည့်သည်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်ဖွင့်လှစ်ပြသပြီး အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် အများပြည်သူများအား ဖွင့်လှစ်ပြသသွားရန် စီစဉ်ထားပါသည်။

ဤပြပွဲကို-

- **မြန်မာနိုင်ငံအား ကျွန်း၊သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်စေရန်၊**
- **သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေ တိုးတက်ရရှိစေရန်၊**
- **ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊**
- **သစ်တောထွက်ပစ္စည်းများ၏ အရေးပါမှုကို နားလည်သိရှိပြီး၊ သစ်တောသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရန်**

ဟူသည့် ရည်ရွယ်ချက်တို့ဖြင့် ဖွင့်လှစ်ပြသခြင်းဖြစ်သည်။

အလွယ်တကူ ဖြုတ်/တပ် ရွှေ့ပြောင်းနိုင်သော သစ်ဖြင့် ပြုလုပ်ထားသည့် အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာ့ပရိဘောဂပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ပထမအကြိမ်ပြသခဲ့ပြီး ကုမ္ပဏီ ၄၁ ခုမှ ပြခန်းပေါင်း ၁၅၄ခန်း ဖွင့်လှစ်ပြသခဲ့သည်။ ယခုအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောကဏ္ဍမှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ ဤပြပွဲသည် အထက်ပါကြိုးပမ်းချက်မှ ရောင်းဝယ်ရေးဗျူဟာနှင့် ပတ်သက်သည့် အစီအစဉ်တစ်ရပ်လည်းဖြစ်သည်။

သစ်တောသယံဇာတအရင်းအမြစ်များသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးကြီးကြောင်းကို ကမ္ဘာနှင့်အဝန်း လက်ခံထားကြပြီးဖြစ်ရာ သစ်တောသယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းပြီး အလေအလွင့်နည်းအောင် ထုတ်ယူသုံးစွဲကြရမည်ဖြစ်သည်။ ထို့ကြောင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာ့သစ်တောများသည် နိုင်ငံ၏ ပထဝီအနေအထားကြောင့် ထူးခြားကောင်းမွန်သည့် အရည်အသွေးများနှင့် ပြည့်စုံနေသည်ကို တွေ့ရှိရမှာဖြစ်သည်။ ကျွန်းနှင့် သစ်မာအပြင် ကြိမ်၊ ဝါး အစရှိသော အခြား သစ်တောထွက်ပစ္စည်းများကိုလည်း စနစ်တကျထိန်းသိမ်း ထုတ်ယူပြီး အချောထည်အဆင့်အထိ ထုတ်လုပ်တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိရေးကို စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၀၆ခုနှစ်ပြပွဲတွင် ကုမ္ပဏီပေါင်း ၄၇ခုမှ ပြခန်းပေါင်း ၁၆၂ခန်း ခင်းကျင်းပြသထားပြီး အိမ်သုံး၊ လူသုံးနှင့် အလှဆင်ပရိဘောဂများ၊ နိုင်ငံတကာနည်းပညာဖြင့် အထူးပြုလုပ်ထားသည့် ကျွန်းအစားထိုးသစ်၊ ဥပမာ ရော်ဘာကဲ့သို့ သစ်သားဖြင့်ပြုလုပ်ထားသည့် ပရိဘောဂများ၊ ကြိမ်၊ ဝါး အခြေခံပြုလုပ်ထားသည့် လူသုံးပစ္စည်းများအပြင် သတ္တု၊ ပလတ်စတစ်၊ ကနုကမာ စသည်တို့ဖြင့် တွဲဖက်ပြုလုပ်ထားသည့် ပရိဘောဂများနှင့် သစ်အခြေခံစက်မှုလုပ်ငန်းသုံး စက်ကိရိယာများကို ပြသထားသည်။

ဤကဲ့သို့ ပြပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြင့် နိုင်ငံ၏ သစ်တောထွက် သယံဇာတပစ္စည်းများ၏ အရည်အသွေးကိုနိုင်ငံတကာမှ ပိုမိုသိရှိလာပြီး ကမ္ဘာ့သစ်တောထွက် ပစ္စည်းဈေးကွက်သို့ပါ မြန်မာပရိဘောဂပစ္စည်းများ ပိုမို တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြား ဝင်ငွေ ပိုမိုရရှိစေမည့်အပြင် ပြည်ပသစ်အခြေခံ စက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးပွားလာစေမည်ဖြစ်ပြီး နိုင်ငံသားလုပ်ငန်းရှင်များနှင့် ပရိဘောဂ ပညာရှင်များအတွက် ခေတ်မီသစ်အခြေခံစက်မှုလုပ်ငန်း နည်းပညာများ ပိုရရှိလာစေမည်ဖြစ်ပါသည်။ (ကြေးမုံ)

ရော်ဘာသစ်ဖြင့် ပြုလုပ်ထားသော ခေတ်မီပရိဘောဂပစ္စည်းများကို တွေ့ရစဉ်။ (ကြေးမုံ)

မေဒိနီကျောင်းတိုက် ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်ကြီး၏ အကြိမ်(၆၀)မြောက် ဘုံကထိန်ပွဲကို နိုဝင်ဘာ ၄ရက်တွင် ကျင်းပမည်ဖြစ်သည်။ ထို့ပြင် မေဒိနီကျောင်းတိုက်မှ စာအောင်သံဃာတော်၊ စာချနာယကဆရာတော်၊ ဝါတွင်း သီတင်းသုံးတော်မူကြသော သံဃာတော်များ၊ ပင့်သံဃာတော်များအား ပူဇော်ကန်တော့ပွဲပါ တစ်ပါတည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မူဝါဒလမ်းစဉ်(၇)ရပ် ပျက်စီးရာပျက်စီးကြောင်း၊ အချုပ်အခြာအာဏာ ပျက်စီးရာပျက်စီးကြောင်းပြုရာရောက် အမေရိကန်၏ ကုလသမဂ္ဂကို အသုံးချကာ ဝင်ရောက်စွက်ဖက်ခြင်းအားလက်မခံ ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မုံးပေါ်ပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၉ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင်
ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ်
မုံးပေါ်ပြည်သူ့စစ်အဖွဲ့၏သဘောထား

၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်။

၁။ ကျွန်ုပ်တို့ မုံးပေါ်ပြည်သူ့စစ်အဖွဲ့သည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များအား အစဉ်တစိုက် လိုက်ပါဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အခါတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမှသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ရေးအတွက် အောင်မြင်မှုအသီးအပွင့်များ ရရှိခံစားနေပြီဖြစ်ပါသည်။

၂။ ထိုသို့နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည့်အချိန်အခါတွင် ၎င်းအခြေအနေကောင်းများအား မျက်ကွယ်ပြု၍ မြန်မာနိုင်ငံတွင် ဒေသတည်ငြိမ်မှုမရှိ၊ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သည်ဟူသော တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြချက်ကြောင့် မြန်မာနိုင်ငံ၏ အရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၅ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ဤဆုံးဖြတ်ချက်ကို ကြည့်ပါက အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချကာ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်ခြယ်လှယ်ရန် ကြံရွယ်ကြိုးစားမှုပင်ဖြစ်ပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အား ပျက်စီးရာပျက်စီးကြောင်း၊ အချုပ်အခြာအာဏာ ပျက်စီးရာပျက်စီးကြောင်း ပြုရာရောက်သည်မှာ သိသာထင်ရှားပါသည်။

၄။ ကျွန်ုပ်တို့သည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ရှန်းကန်ကြိုးစား ဆောင်ရွက်ခဲ့ရာတွင် အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုသို့ ကြိုးစားဆောင်ရွက်နေချိန်တွင် အမေရိကန်နိုင်ငံသည် ထောက်ပံ့ကူညီမှုမပေးသည့်အပြင် မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆက်ဆံလျက်ရှိသည့် နိုင်ငံများကိုလည်း ပိတ်ပင်တားဆီးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

၅။ သို့သော်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွ ပူးပေါင်းလက်တွဲ၍ ကြိုးစားဆောင်ရွက်ခဲ့ရာ ယခုအခါ အဘက်ဘက်မှ အောင်မြင်တိုးတက်မှုများ ရရှိနေပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖော်ဆောင်နိုင်ရေးအတွက် ဦးဆောင်မှုပေးမည့် အမျိုးသားညီလာခံကြီးအား အောင်မြင်စွာ ကျင်းပဆောင်ရွက်လျက်ရှိပါသည်။

၆။ ထို့ကြောင့် ရရှိထားပြီးဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဒီမိုကရေစီ ဖော်ဆောင်နေမှုကို အဟန့်အတားဖြစ်စေမည့် အမေရိကန်၏ ကုလသမဂ္ဂအပေါ် အသုံးချကာ ဝင်ရောက်စွက်ဖက်လာခြင်းအပေါ် လက်မခံကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးကိန်မိုင်
အဖွဲ့ခေါင်းဆောင်
မုံးပေါ်ပြည်သူ့စစ်အဖွဲ့

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်မြို့ရှိ အစိုးရနည်းပညာကောလိပ်(မြိတ်) တည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတိုးတက်ရန် အရည်အချင်းပြည့် လူ့စွမ်းအားအရင်းအမြစ်ဖြင့်သာ ဆောင်ရွက်နိုင် လူငယ်၊ လူရွယ်များကို အသိပညာ၊ အတတ်ပညာ အရည်အသွေးမြင့်မားရန် မြှင့်တင်ပေး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အောင်မြင်အောင် ဖိဖိစီးစီးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်နှင့် ဒေသများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်မောင်ဆွေက မြိတ်ခရိုင်၏ ပညာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ အခြေခံပညာကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများဦးရေ၊ ဆရာနှင့် ကျောင်းသားအချိုး၊ မြို့နယ်အလိုက် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်ရာခိုင်နှုန်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဦးထွန်းကြည်က နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက တိုင်း၏ ပညာရေးကဏ္ဍ မြင့်မားရေးအတွက် ပညာရေး ဝန်ထမ်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်ရေးအတွက် တိုက်တွန်းအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းအဖြစ် နှစ် ၃၀ စီမံကိန်းကို ချမှတ်၍ နှစ်တိုငါးနှစ်စီမံကိန်းများရေးဆွဲကာ နှစ်စဉ်သုံးသပ် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခုအခါ အခြေခံပညာ ကျောင်းများသည် ကျောင်းဥပဓိရုပ် ကောင်းမွန်နေပြီး သင်ကြားမှုအထောက်အကူပြု စာသင်သားများကိုလည်း သင့်တင့် ပြည့်စုံအောင် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် သင်ကြားမှုအပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်မှာ အရည်အချင်းပြည့်၍ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်၍ လူငယ်၊ လူရွယ်များကို အသိပညာ၊ အတတ်ပညာ အရည်အသွေးမြင့်မားအောင် မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများသည် အရေးပါသောကဏ္ဍနိုင်ငံ့တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများ အောင်မြင်အောင် ဖိဖိစီးစီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားပြီးတွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်ရာ တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လတ်၊ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဆေးရုံရှိ ခွဲစိတ်ခန်းလေးခန်း၌ ခေတ်မီခွဲစိတ်ကု ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံလူနာခန်းများ၌ လူနာများအား ပြုစုကုသနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်မြင့်က ဆေးရုံ၌ရောဂါအထူးကု ၁၂မျိုး ကုသပေးနေမှု အခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေ၊ လစဉ် ပြင်ပလူနာနှင့် အတွင်းလူနာများအား ကုသပေးနေမှုအခြေအနေ၊ ခွဲစိတ်ကု လူနာဦးရေ၊ သွေးလှူဘဏ်ဖွင့်လှစ်ထားရှိမှုနှင့် အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသမှု အခြေအနေ၊ မျက်စိကုခန်းနှင့် ခွဲစိတ်ခန်းတို့၌ အဆင့်မြင့် အဏုစိတ် ခွဲစိတ်ကိရိယာများ တပ်ဆင်ကုသပေးမည့် အစီအစဉ်၊ အဆောက်အအုံများနှင့် ဆေးရုံပတ်လမ်းတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတည်ဆောက်ရန် လူသားအရင်းအမြစ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေး ဝန်ထမ်းများက အသိစိတ်ဓာတ်ဖြင့် ပြုစုကုသပေးကြရေး၊ ပြည်သူများအား ရောဂါကုသရေးအပြင် ရောဂါကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေးရေးတို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့်ကွင်းဆင်း ဆောင်ရွက် ပေးကြရေး၊ ပြည်သူများအား စိတ်ချမ်းသာစွာ ဆေးကုသမှုခံယူနိုင်အောင် ဆောင်ရွက်ပေးရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် မြိတ်မြို့ မြောက်ဘက် ကျွဲကူး–ကျောက်ဖျာတံတားကြီးအနီးရှိ တံတားစီမံကိန်း ရှင်းလင်းဆောင်သို့ သွားရောက်၍ မြိတ်မြို့သစ် ဖော်ထုတ်ရေး ဗဟိုဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား တွေ့ဆုံကာ မြိတ်မြို့သစ် စီမံကိန်းလုပ်ငန်းများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။ ရှေးဦးစွာ မြိတ်မြို့သစ် စီမံကိန်း ရေကြောင်းထိန်းသိမ်းရေးနှင့် ဆိပ်ကမ်းတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ တနင်္သာရီတိုင်းဆိပ်ကမ်းအရာရှိ ဦးတင့်ဆန်းက မြို့သစ်ဆိပ်ကမ်း မြေကွက်များ နေရာချထားမှု၊ ဆိပ်ခံတံတားများ တည်ဆောက်ပြီးစီးမှု၊ ဆိပ်ကမ်းမြေကွက်အတွင်း အဆောက်အအုံများ ဆောက်လုပ်နေမှု၊ ဆိပ်ကမ်းပတ်လမ်း ဖောက်လုပ်နေမှု၊ ကျောက်ဖျာမြစ်ရေလမ်းကြောင်း၌ ရေကြောင်းပြ ဗောယာများချထားမည့်အစီအစဉ်၊ မြိတ်မြို့ ဆိပ်ကမ်းတစ်လျှောက်ရှိ သစ်သားတံတားများကို ဖျက်သိမ်း၍ မြိတ်မြို့သစ်သို့ ပြောင်းရွှေ့ လုပ်ကိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ ရေရရှိရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဝင်းက မြို့သစ်၌ တည်ဆောက်ရန် အဆိုပြုသည့် ရေလှောင်တမံများနှင့် ရေထွက်များ မြို့သစ်အတွက် ရေချိုရရှိနိုင်မည့် ရေအရင်းအမြစ်များနှင့် ပြည့်ဖြိုးထွန်း ရေလှောင်တမံနှင့် ထူးထူးတိုး ရေထိန်းကန် တည်ဆောက်နေမှု အခြေအနေများနှင့် ရေထိန်းတံခါး တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များ အပေါ် မေးမြန်းဆွေးနွေးပြီး အမှာစကား ပြောကြားရာတွင် မြိတ်မြို့သစ် စီမံကိန်းကို ဗဟိုဦးစီးကော်မတီနှင့် လုပ်ငန်း ကော်မတီ ၁၄ ခုတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ခွဲခြားတာဝန်ပေး ဆောင်ရွက်စေခဲ့ကြောင်း၊ မြို့သစ် တည်ဆောက်ရခြင်းမှာ ရေ့အလားအလာများကို ကြိုတင်တွက်ဆ၍ အကျိုးဖြစ်ထွန်းစေရန် လုပ်ဆောင်ခြင်းဖြစ်သဖြင့် လုပ်ငန်းကို မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

တိကျစွာဆောင်ရွက်

အထူးသဖြင့် စီးပွားရေးလုပ်ငန်းများကို စတင်ရွှေ့ပြောင်းဆောင်ရွက်ခြင်းမှာ အကျိုးစီးပွား ဖြစ်ထွန်းမှုကို ရှေ့ဆောင်ပြသရန်ဖြစ်သဖြင့် ဒေသ၏ အဓိကလုပ်ငန်းဖြစ်သော ရေလုပ်ငန်း ဆိပ်ခံတံတားများ၊ သား၊ ငါး ကုန်လှောင်ရုံများနှင့် အခြားဆက်နွယ်သော လုပ်ငန်းများအနေဖြင့် မဖြစ်မနေ ပြောင်းရွှေ့လုပ်ကိုင်သွားကြရန် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီ အသီးသီးကလည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို တိကျစွာဆောင်ရွက်သွားကြ ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့သစ် ကဘင်ကျေးရွာအနီးရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(မြိတ်) တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

စီမံကိန်း ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ခံ Civil Tech Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းမြင့်က တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးက အဆောက်အအုံအတွက် ရေဖူလုံစွာရရှိရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်ပြီးစီးရေး မှာကြားပြီး အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ မြိတ်မြို့သို့ ပြန်လည်ထွက်ခွာသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃–၁၀–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၅ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ ရုပ်မြင်သံကြားဇာတ်လမ်း သားကောင်းမိခင်(အပိုင်း–၁)
(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း
လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊ သက်မွန်မြင့် ဒါရိုက်တာအကယ်ဒမီပန်းချီစိုးမိုး
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မေးမြန်းစူးစမ်း
၁၆။ ယနေ့အတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘက်မတူတဲ့ တက်လူ(အပိုင်း၁၅)**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

➪ **ကျောဖုံးမှ**

အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie တို့သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧည့်သည်တော် တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie နှင့်အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြန်လည်နှုတ်ဆက်

အလားတူ ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

အလေးပြုခြင်းခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie တို့ နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြစဉ်။
(သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Kansai Electric Power Co., Inc တို့ ပူးပေါင်းဆောင်ရွက်သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၅)ကို အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ Kansai Electric Power Co., Inc မှ Deputy General Manager Mr. Yoichi Yoshizu နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ချက်ကို Kansaiမှ Project Manager Mr. Shoji Tsutsui က ဆလိုက်ကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများမှ နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Kansai နှင့် နည်းပညာဆိုင်ရာ ပူးတွဲဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒီဇိုင်းပညာရပ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများက ရှင်းလင်းတင်ပြရာ သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ အခြေခံဒီဇိုင်းနှင့်ပတ်သက်၍ ဦးဟိန်းသန့်၊ ဒေါ်ခင်စိမ့်ဝင့်၊ ဒေါ်သန္တာဝင်း၊ ဒေါ်စိမ့်ရီရီတင်တို့ကလည်းကောင်း၊ Concrete Quality Controlနှင့် ပတ်သက်၍ ဦးအောင်မျိုးထက်ချစ်ကလည်းကောင်း၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ဦးအောင်လွင်၊ Kansai မှ Project Manager Mr. Kawaharaနှင့် Mr. Tsutsui တို့ကလည်းကောင်း၊ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ဦးသိန်းမြင့်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး Kansai မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထိုသို့ ပြန်လည်ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က ထပ်မံဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Kansai Electric Power Co., Inc တို့ ပူးပေါင်းဆောင်ရွက်သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၅)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစု ဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ (၂၁)ကြိမ်မြောက် မိသားစုဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဦးသုန္ဒရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွား သရဏ္ဍာယ်တော် မူကြပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဇနီးတို့က တေဇိန္ဒာရာမကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ပထမကျော် ဓမ္မာစရိယ ဝိနယ ပါဠိ ပါရဂူ ပိဋကတ္တယပါရဂူ ပဓာနနာယက ဘဒ္ဒန္တဥတ္တရအား ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး မြန်မာ့အာမခံလုပ်ငန်းမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စွန်းလွန်းဂူ ကျောင်းတိုက်မှ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဦးသုန္ဒရက ကထိန် အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းကပ်လှူကြသည်။ ယနေ့ ကျင်းပသည့် (၂၁)ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုက ပဒေသာပင်များ ပေးပို့လှူဒါန်းကြရာ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၀ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၁၀-၂၀၀၆

သာယာဝတီ	—	၀ ဒသမ ၇၀ လက်မ
မော်လမြိုင်မြို့	—	၀ ဒသမ ၆၇ လက်မ
လှိုင်ကော်	—	၀ ဒသမ ၆၅ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၅ ၈။ အရေးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၅။ အကပဒေသာ
၅:၁၅ ၆။ မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၅:၂၅ ၇။ မြန်မာစာမြန်မာစကား
၅:၄၀ ၈။ "အရေးကြီးလို့ပါ" (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ **နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၁၉)**
၆:၅၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ" (အပိုင်း–၁၁)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း–၁၅)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

(၁၄)ကြိမ်မြောက်မှ

အမျိုးဂုဏ်ကို စောင့်ထိန်းရမည့် စိတ်ဓာတ်များ ယိုယွင်းအားနည်းလာခြင်း စသည့် ယဉ်ကျေးမှုမျက်နှာစာ၌ စိမ့်ဝင်ထိုးဖောက် နေရာယူနေမှုအပေါ် ယနေ့ မျိုးဆက်သစ် လူငယ်များ လက်တွေ့သိမြင်ခံစားရစေပြီး အမျိုးသားရေးစိတ်ဓာတ်များနှင့် ဓာတိသွေးဓာတိမာန် ပြန်လည်နိုးကြားထက်သန်လာစေရန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ အဌမမြောက်နေ့အဖြစ် ယနေ့တွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေနှင့် သုတေသန နယ်မြေတို့ရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ခန်းမ၌ လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် တေးစာသားအရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အခြေခံပညာအဆင့် ဂီတာအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)နှင့် အခြေခံပညာအဆင့် ဒုံမင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေး တက္ကသိုလ် စာသင်ခန်းမ၌ လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့် အခြေခံပညာအဆင့် အမျိုးသားနှဲပြိုင်ပွဲကို သစ်တောသုတေသနဌာန၌ လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှင့်အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းအဖွဲ့အလိုက် ပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း အသီးသီးကျင်းပသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး

အခြေခံ ပညာအဆင့် အသက် (၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မောင်ဇော်မိုးထက် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ယဉ်ကျေးမှု လေ့လာရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်အနီးဝန်းကျင်ရှိ ဒေသများမှ ပြည်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာများကို မြတ်နိုးတန်ဖိုးထားကြသော ပြည်သူများ လာရောက် ကြည့်ရှုအားပေးကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရေဆင်းရှိမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ခန်းမဆောင်၌ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခဒေါ်နုနုခင်နှင့် အကအကဲဖြတ်အဖွဲ့ဝင်များက အမှတ်ပေးအကဲဖြတ်ကြသည်။

ယင်းနောက် အခြေခံပညာအဆင့် အသက် (၅-၁၀)နှစ် အမျိုးသား အကပြိုင်ပွဲကို ယှဉ်ပြိုင်ကြရာ ရခိုင်ပြည်နယ်မှ မောင်ညီညီဇော်၊ မကွေးတိုင်းမှ မောင်ဝေယံလင်း၊ ချင်းပြည်နယ် မှ မောင်တလွန်ထာဘွဲ့၊ မွန်ပြည်နယ်မှ မောင်ကျော်မျိုးသန့်၊ ရှမ်းပြည်နယ်မှ မောင်ခွန်အောင်ပိုင်ဖြိုး၊ ရန်ကုန်တိုင်းမှ မောင်ကျော်ထွန်းမင်း၊ ကချင်ပြည်နယ်မှ မောင်ထက်ဗိုလ်အောင်၊ စစ်ကိုင်းတိုင်းမှ မောင်စိုးထက်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်စွမ်းထက်ပြည့်စုံ၊ ကရင်ပြည်နယ်မှ စောသူရိန်ထွန်း(ခ)အာတူ၊ မန္တလေးတိုင်းမှ မောင်ကျော်ဇင်မိုး၊ ပဲခူးတိုင်းမှ မောင်လဝင်းထွဋ်နှင့် မောင်ထိန်လင်း၊ ကချင်ပြည်နယ်မှ မောင်ဇော်မိုးထက်၊ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြ်န်၊ ရှမ်းပြည်နယ်မှ မောင်စောရဲထက်နှင့် မန္တလေးတိုင်းမှ မောင်လှမျိုးဇော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မြန်မာဂီတာ အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပြီး မြန်မာဂီတာ အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဂီတာဦးဖေဝင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် (အမျိုးသား) မြန်မာဂီတာအတီးပြိုင်ပွဲကို စတင်ကျင်းပရာ "လူ့မနော"(ပတ်ပျိုး) သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်ဖြိုးမင်းဇော်၊ ရန်ကုန်တိုင်းမှ မောင်ထက်ဖြင့် မန္တလေးတိုင်းမှ ဦးတင်မောင်ထွေး၊ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်းနှင့် ဦးမြင့်ကြည်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာကလည်း ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မြန်မာဂီတာအတီးပြိုင်ပွဲတွင် "မင်္ဂလာသီရိ" သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်သကဲ့သို့ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီးမြန်မာဂီတာ အတီးပြိုင်ပွဲ၌ ဧရာဝတီတိုင်းမှ မမေမြတ်တင်က "အမေ့အိမ်" သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသား) ဒုံမင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒုံမင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "မင်းလမ်းစပ်ကာ" (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာစိုးဦး၊ ပဲခူးတိုင်းမှ မောင်သူရနှင့် ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်းတို့တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅-၂၀) နှစ် အမျိုးသမီး ပြိုင်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းမှ မရွှေစင်ချစ်နှင့် မန္တလေးတိုင်းမှ မခင်နီလာစိုးတို့က "မေတ္တာဂုဏ်" သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

အတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်း

ရန်ကုန်တိုင်းမှ မောင်စိုးသီဟနှင့် မန္တလေးတိုင်းမှ မောင်စိုးသိန်းတို့ ပြိုင်ပွဲဝင်ကြသည်။

ရင်းရင်းနှီးနှီး

ယနေ့ကျင်းပသည့် နှဲပြိုင်ပွဲများ အပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် နှဲအကဲဖြတ်အဖွဲ့ခေါင်းဆောင်ဦးစဘဌေးနှင့် ဗဟိုအကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းနှဲအကဲဖြတ်ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခြေခံပညာအဆင့် အမျိုးသား တေးစာသားအား သံစဉ်ထည့်သွင်း သီဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဌာန စုဝေးခန်းမ၌ကျင်းပရာ အရေး ပြိုင်ပွဲအကဲဖြတ်အမှတ်ပေးအဖွဲ့ဥက္ကဋ္ဌ ဦးလေးညွန့်၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နွယ်နွယ်စိုးတို့နှင့်အတူ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်က "ပွင့်သစ်စပန်း လန်းလေပြီ" ခေါင်းစဉ်ဖြင့် တေးစာသား ရေးသားပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ ၁၇ရက်တွင် သံစဉ်ထည့်သွင်းလေ့ကျင့်ခဲ့သော အဆင့်မြင့်ပညာအဆင့်မှ (အမျိုးသား) နှင့် (အမျိုးသမီး) ပြိုင်ပွဲဝင်များသည် တေးစာသားအား သံစဉ်များထည့်သွင်း၍ ပြိုင်ပွဲဝင်ကြရာတွင် ဧရာဝတီတိုင်းမှ မောင်ကျော်စွာဝင်း၊ တနင်္သာရီတိုင်းမှ မောင်ဇော်လင်းဦး၊ ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ မွန်ပြည်နယ်မှ မောင်စည်သူလွင်၊ စစ်ကိုင်းတိုင်းမှ မခင်လေးဝင်း၊ ရန်ကုန်တိုင်းမှ မမိုးမိုးယဉ်မင်း၊ ကရင်ပြည်နယ်မှ ဦးညီညီဟိန်း၊ ကယားပြည်နယ်မှ မောင်စိုးရာဇာဝင်း၊ မန္တလေးတိုင်းမှ မောင်ထင်အောင်ကျော်နှင့် မောင်ဇော်သူတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကိုကိုလင်းနှင့် မောင်မင်းထွဋ်၊ ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) မြန်မာဂီတာ အတီးပြိုင်ပွဲကိုကျင်းပရာ "လူ့မနော"(ပတ်ပျိုး) သီချင်းဖြင့်ပင် ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းနှင့် ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)မြန်မာဂီတာအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ "အန္တရာယ်ကင်း" သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်သူနိုင်နှင့် မောင်ညီညီလွင်၊ ပဲခူးတိုင်းမှ မောင်ကြာခိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့အတူပင် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မြန်မာဂီတာ အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းက "ဆန်းဆန်းသဇ္ဈာချောင်" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်သည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား မြန်မာဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "ဆယ်ဆယ်ယောင်ဒိန်းသံ" သီချင်း

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ဒုံမင်းအတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဒလဦးမြင့်စိန်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ ကျင်းပရာတွင် "ညဦးသုံးယံခါ" (ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးမင်းရဲထွန်း၊ မန္တလေးတိုင်းမှ ဦးညွန့်တင်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊ မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်း၊ မွန်ပြည်နယ်မှ ဦးနိုင်ဦး၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ စစ်ကိုင်းတိုင်းမှ ဦးကျော်ဆွေနှင့် ပဲခူးတိုင်းမှ ဦးလှမြင့်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ နှဲအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစဘဌေးနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲကို ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသား) နှဲပြိုင်ပွဲတွင် "မြိုင်ခြေ ခိုင်ရွှေ" (ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဦးလှမြိုင်(ပန်တျာစိန်လှမြိုင်)၊ ရန်ကုန်တိုင်းမှ ဦးဝင်းမောင်မောင်စိန်၊ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းသန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဝင်းမင်းသန့်၊

ဆက်လက်ကျင်းပရာအတီးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် မလှိုင်ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ထိုသို့ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မမေဇွန်မြင့်ဆွေနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဒေါ်နုနုလွင်နှင့်အဖွဲ့၊ ဒေါ်ကြည်ကြည်စန်းနှင့် အဖွဲ့နှင့် ရန်ကုန်တိုင်းမှ ပေါက်ကျော်မနှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ မန္တလေးတိုင်းမှ မလွင်မီထွန်းနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မအေးနန္ဒာဝင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မချောစုလှိုင်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ မအေးစုမာနှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မသင်းစုလွင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မခင်ခင်ဘိုနှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်နှင့် အဖွဲ့တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာ ၂၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုအားပေးကြသော ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား နှဲပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျှံ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အလားတူ ဝါသနာရှင်အဆင့် ဒုတိယတန်း(အမျိုးသမီး) ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့က "ညဦးသုံးယံခါ "(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား)

မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျှံ၊ ရခိုင်ပြည်နယ်မှ မောင်ဇင်မင်းထိုက်၊ မန္တလေးတိုင်းမှ ဦးထွန်းထွန်းဝင်း၊ ပဲခူးတိုင်းမှ ဦးခင်ညွန့်နှင့် မန္တလေးတိုင်းမှ ဦးစန်းလွင်တို့ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) နှဲပြိုင်ပွဲတွင် "မြရည်နန္ဒာ" (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထွန်းနန္ဒ၊ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း၊

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် သဒ္ဒါသုမနဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ထက်အာကာ ရုပ်သေးရုပ်စုံအဖွဲ့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းမှထက်အာကာ ရုပ်သေးရုပ်စုံအဖွဲ့ ဒုတိယနေ့ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ကိုယ်ကျင့်တရား၊သဒ္ဓါတရားတို့ တိုးပွားစေရန်၊အမှားအမှန်နှင့် ဝေဖန်ပိုင်းခြား လူသားဖုံဖုံ ဒုစရိုက်တို့ကို ကြိုက်ကြုံ ဘိကရှောင်နိုင်ကြရန် စေတနာဖြင့်တင်ဆက်ဖျော်ဖြေယှဉ်ပြိုင်သည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ “သဒ္ဒါသုမနဇာတ်တော်ကြီး” ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် ဒုတိယနေ့အဖြစ် ရန်ကုန်တိုင်းမှ ထက်အာကာရုပ်သေးရုပ်စုံအဖွဲ့က နေပြည်တော်ရှိမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်သည်။

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊နေပြည်တော်၌ရောက်ရှိနေသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ ပျဉ်းမနားခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှမြန်မာ့ရုပ်သေး အနုပညာကိုချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရုပ်သေးအနုသုခုမယှဉ်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသူများအတွက် သွားလာမှု လွယ်ကူစေရန် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီက မော်တော်ယာဉ်များကို စီစဉ်ထားရှိပေးထားကြောင်း သိရှိရသည်။

ယနေ့ညယှဉ်ပြိုင်သည့်ရန်ကုန်တိုင်းမှ ထက်အာကာ ရုပ်သေးရုပ်စုံအဖွဲ့တွင် ကြီးကြပ်ရေး နာယကများအဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဦးတင်စိုး၊ ဌာနမှူး(စီမံ) ဦးထွန်းဝေနှင့် တွဲဖက်ပါမောက္ခ ဒေါ်သိန်းသိန်းခင်တို့က ဆောင်ရွက်ကြပြီး ဆိုင်ငိုပြောနှင့် ကြိုးဆွဲပညာရှင်များအဖြစ် ဦးမောင်မောင်မင်းကြည်၊ ဦးရဲဝင်းနိုင်၊ ဦးနိုင်လင်း၊ ဦးကျော်ဌေး၊ ဦးနိုင်မင်းဦး၊ ဦးသန်းထွန်းလင်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်မေသူဝင်း၊ ဒေါ်ဝင်းဝင်းထွေး၊ ဒေါ်ကျော့ကျော့ယဉ်၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ချောကလျာအေးနှင့် ဒေါ်မိုးမိုးကြည်တို့က ဆောင်ရွက်ကြကာ ဦးမောင်မောင်ဆင့်(ခ) စိန်ဗိုလ်ဆင့်နှင့်အဖွဲ့က ဇာတ်ပို့ဆိုင်းကို တီးမှုတ်ပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ရာတွင် အနုရာဓမင်းညီလာခံခန်း၊ သဒ္ဒါသုမနအလှူပေးခန်း၊သဒ္ဒါသုမန(ဇာတ်ဝင်နှစ်ပါးသွား)ခန်း၊ ကိုသောနတို့ မိဘထံပြန်ရောက်ခန်း၊ ဒိဋ္ဌဘုရားများ တရားဆွေးနွေးခန်း၊ သူဌေးနှင့်ချွေးမ ဝါဒပြိုင်ခန်း၊ ကိုသောနဆန်ရောင်းသွားခန်း၊ ဒိဋ္ဌဘုရားကျောင်းသူဌေးနှင့် ဆွေးနွေးခန်း၊ သဒ္ဒါသုမနအိမ်ပေါ်ကဆင်းခန်း၊ မယ်သုမနရွာပြန်ခန်း၊ ကိုသောနဆန်ရောင်းရာမှပြန်လာခန်း၊ အနုရာဓဘုရင် တိုင်းခန်းလှည့်ခန်း၊ ကိုသောနနှင့်သဒ္ဒါသုမန ပြန်ဆုံ၍ ဇာတ်ပေါင်းခန်းတို့ကို ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

နေပြည်တော် အောက်တိုဘာ ၂၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ၏ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေ ၅နာရီတွင် ရေဆင်းသစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြပြီး လုပ်ငန်းကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရာပြည့်အထိမ်းအမှတ် ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး**(အောက်ပုံ)** ရာပြည့်အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကြေးပြားကို ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ယာယီကျောင်းအုပ်ကြီး ဦးထွန်းမြိုင်အား ပေးအပ်သည်။

ထို့နောက် ရာပြည့်အထိမ်းအမှတ် ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲ အခမ်းအနားကိုကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးသာညိန်းတို့က ဟောပြောဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးမြသိန်း၊ ညွှန်ကြားရေးမှူး(အငြိမ်းစား) ဦးကြည်ရှိန်၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးဝင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစောလှိုင်တို့က စာတမ်းများဖတ်ကြားတင်ပြကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် ၁၈၈၇ ခုနှစ်တွင် မြေစာရင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနအဖြစ် စတင်ပေါ်ပေါက်လာပြီး ၁၉၀၅ ခုနှစ်တွင် ကြေးတိုင်နှင့်မြေစာရင်းနှင့်စိုက်ပျိုးရေးဌာနအဖြစ် ပူးပေါင်းဖွဲ့စည်းခဲ့ပြီးနောက် ၁၉၀၆ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအဖြစ် သီးခြားဖြစ်တည်ပေါ်ထွန်းလာခဲ့ရာ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် သက်တမ်းကာလနှစ်(၁၀၀) ပြည့်ခဲ့ပြီဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အခွန်ဦးစီးဌာနမှ အခွန်ဆိုင်ရာ ပညာပေးဟောပြောဆွေးနွေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၁ရက်က သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်စိုး အခွန်များ ကောက်ခံမှုများနှင့် ပတ်သက်၍ အကျယ်တဝင့် ပညာပေးဟောပြောဆွေးနွေးစဉ်။ (၅၀၆)

သုခုမ အောင်ပွဲသဘင်

(တေးထပ်)

☆ နှင်းမှုန်ဝေ ဟေမန္တ
လေပြန်ခ ရာသီ
ဝေယံက နရီလို
ဂီတသံ ကြည်မြ
ရေး,တီး,နဲ့ ဆို,က စုံတယ်
ချိုမြပုံ ထူးကဲပေလှ။

☆ ယဉ်ကျေးမှု ဒို့အမွေကို
မချို့စေလိုပ
(၁၄)ကြိမ်အချိန်ကျလို့
ပြိုင်ကြသည့်ပွဲတော်မှာ
နွဲပျော်ကာရွှင်ကြည်မွေ့
ဓလေ့မပျက်စေရာ။

☆ အမျိုးသားရေး မြတ်အမွေမဟာ
ဝေဝေဆာပွင့်ဖူးလို့
တင့်ထူးတဲ့ချိန်ခါမီ
မြူးကြွဂုဏ်ရည်။
သာပေစွ နေပြည်တော်မှာ
ဝေစည်စွာကျင်းပလို့လေး။ ။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုလျက်]

မောင်စိုးရာဇာဝင်း(ကယားပြည်နယ်)
(အဆင့်မြင့်ပညာအဆင့်၊ အရေးပြိုင်ပွဲဝင်)

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ဒုတိယနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် အောက်တိုဘာ ၂၂

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် **“သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ်ထာဝရ ထိန်းသိမ်းကြ”**ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ (Myanmar Furniture Fair-2006)ကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသသည်။

ပြပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ပြည်ပ ဧည့်သည်တော်များနှင့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက ပြခန်းအတွင်း၌ ခင်းကျင်းပြသထားသည့်အိမ်သုံး၊လူသုံးနှင့် အလှဆင်ပရိဘောဂများ၊နိုင်ငံတကာနည်းပညာများဖြင့် အထူးပြုလုပ်ထားသော ကျွန်းအစားထိုးလူသိနည်းသည့် အခြားသစ်များဖြင့် ပြုလုပ်ထားသောပရိဘောများ၊ ရော်ဘာသစ်သားဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ကြိမ်ထည် ပရိဘောဂပစ္စည်းများ၊ ပြည်ပကုမ္ပဏီများမှ ပြသထားသော ပရိဘောဂလုပ်ငန်းသုံး စက်ကိရိယာများ၊ ပြည်တွင်းပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့က ဖွင့်လှစ်သည့် အခြေခံဒီဇိုင်းသင်တန်းသားများ ထုတ်လုပ်ထားသည့် ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။အဆိုပါပြပွဲကို အောက်တိုဘာ၂၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ၅နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ အောက်တိုဘာ ၂၃ရက်အထိ လုပ်ငန်းရှင်များ၊ ပြည်ပဧည့်သည်များနှင့်ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် အများပြည်သူများအတွက် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တောင်ကြီးကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအားဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရန်ကုန် YMCAခန်းမ၌ အာစရိယ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ဖိတ်စာမရရှိသောဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်ပါသည်–

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်–ဒေါ်မြင့်မြင့်တင် ဖုန်း–၃၇၄၈၅၀၊ ၀၉၅၁–၁၈၅၆၂၊ ဒေါက်တာသာညွှန့် ဖုန်း–၂၉၄၁၂၈၊ ၀၉၈၀–၃၃၄၄၆၊ ဦးစိုင်းစိုးမြင့်ဆွေ–ဒေါ်စုစုသန်းဖေ ဖုန်း–၅၇၉၃၉၃၊ ဒေါ်စွမ် ဖုန်း–၂၂၃၃၂၅၊ ၂၂၃၇၁၈၊ ဒေါ်မေကြင် ဖုန်း–၂၉၅၆၃၈၊ ဒေါ်မေမေတင် ဖုန်း–၇၀၈၅၃၃၊ ဒေါ်ခင်လှလှ ဖုန်း–၀၉၅၀–၁၅၃၅၆၊ ဦးမောင်မောင်လေး ဖုန်း–၀၉၅၀ ၁၇၁၉၆၊ ဒေါ်စဝ်သီတာထွေး ဖုန်း–၆၆၂၇၃၂၊ ဦးခင်မောင်ဆွေ ဖုန်း–၂၉၆၇၉၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း–၅၆၃၅၉၄၊ ဦးတင့်ရှိန် ဖုန်း–၆၈၀၄၀၂၊ ဒေါ်နယ်လီထွန်း(မန္တလေး) ဖုန်း–၀၂–၃၃၉၈၉၊ ဦးဝင်းလွင် ဒေါ်မိမိချမ်း(တောင်ကြီး) ဖုန်း–၀၈၁–၂၁၇၂၀နှင့် ဒေါ်စိန်စိန်မြင့်(ကျောက်မဲ) ဖုန်း–၀၈၂–၄၀၂၁၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တာချီလိတ်-မိုင်းဆတ်လမ်းပိုင်းနှင့် ဝမ်ဟုန်ဒေသရှိ ရော်ဘာစိုက်ခင်းနှင့် ရွှေရင်အေးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၉ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-တာချီလိတ်-မိုင်းဆတ် ကားလမ်းအတိုင်း လမ်းကြောင်းအခြေအနေနှင့် လမ်းဘေးဝဲ၊ယာတစ်လျှောက် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသသို့ရောက်ရှိကာ ဝမ်ဟုန်ဒေသ၌ စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းများ၊ ရော်ဘာပျိုးပင်များနှင့် ရွှေရင်အေးစမ်းသပ်မျိုးစပါး စိုက်ကွက်များ ဖြစ်ထွန်းအောင်မြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသ၌ ရော်ဘာပင် စုစုပေါင်းသုံးသိန်းကျော် စိုက်ပျိုးထားရှိပြီး ပျိုးပင် ၁၂သိန်းကျော် ပျိုးထောင်ထားရှိ၍ ဆက်လက်တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကြိုးပမ်းဆောင်ရွက်

တိုင်းမှူးသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် မိုင်းတုံ-ပုံပါကျင် ကားလမ်းအတိုင်း လမ်းတံတားအခြေအနေများနှင့် လမ်းဘေး ဝဲ၊ယာ တစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပုံပါကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိ၊ ရပ်ဖများအား တွေ့ဆုံ၍ တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဒေသဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့်ရှင်းလင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ပုံပါကျင်မြို့နယ် ရေရရှိရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ငွေကျပ် ၆၀၀၀၀၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခိုင်ထံသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပုံပါကျင်မြို့နယ်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးပြီး မြို့နယ်အထွေထွေ ရောဂါကုဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံမှာကြား

တိုင်းမှူးသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး စားသောက်ဖွယ်ရာများ၊ ကျောင်းဝတ်စုံများနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မိုင်းတုံမြို့နယ် ဆရာဝန် ဒေါက်တာယုဝေက နားတောင်းမူ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီးနောက် ကျေးရွာဥက္ကဋ္ဌ ဦးလှမောင်က ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နားတောင်းမူကျေးရွာဥက္ကဋ္ဌ ဦးလှမောင်က ဆေးပေးခန်း အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပေးအပ်ရာ မြို့နယ်ဆရာဝန် ဒေါက်တာယုဝေက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ကြူကြူလှက ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းရာ သူနာပြုဆရာမ ဒေါ်နှင်းဖြူက လက်ခံသည်။

ထို့နောက် ကျေးလက်ကျန်းမာရေး ဌာနခွဲ ဆေးပေးခန်းအဆောက်အအုံကို ကျေးရွာဥက္ကဋ္ဌ ဦးလှမောင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာယုဝေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် တိုင်းမှူးက ဆေးပေးခန်းတွင် အသုံးပြုရန်အတွက် ဆေးဝါးများကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် မသိုးသင်္ကန်းရက်ကန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်၌ တည်ရှိတော်မူသော သမိုင်းဝင်ဆုတောင်းပြည့် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာရက်ကန်းခတ်ယှဉ်ပြိုင်ပူဇော်ပွဲကို ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်ရင်ပြင် စနေထောင့်ရှိ ဇဟိုမင်္ဂလာမဏ္ဍပ်၌ (၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်) နိုဝင်ဘာ ၃ ရက် ည ၇နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ် ၉၀၀၀၀၊ ဒုတိယဆုငွေကျပ် ၈၀၀၀၀၊တတိယဆုငွေကျပ် ၇၀၀၀၀၊ စတုတ္ထဆုငွေကျပ် ၆၀၀၀၀၊ ပဉ္စမဆုငွေကျပ် ၅၀၀၀၀ အသီးသီးချီးမြှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်လုံးချမ်းသာ မဟာဝိဇ္ဇူက စေတီတော် (၁၀၄)နှစ်မြောက်အဖြစ် ဆွမ်းတော်ကြီးတင်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၂

လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၁၀)လမ်းထိပ်၊ ကျုံးကြီးလမ်းရှိ ပြည်လုံးချမ်းသာမဟာဝိဇ္ဇူကစေတီတော် တည်ထားကိုးကွယ်ပူဇော်မှု (၁၀၄)နှစ်မြောက်အဖြစ် (တန်ဆောင်မုန်းလဆန်း ၁၄ရက်) နိုဝင်ဘာ ၃ရက် (သောကြာနေ့)ညနေတွင် ဆွမ်းတော်ကြီးတင်ပွဲတော်ကျင်းပမည်ဖြစ်သည်။

ဆွမ်းတော်ကြီးတင်ပွဲတွင် ကြွရောက်လာသော အလှူရှင်များအား ဧည့်ခံကျွေးမွေး၍ ဆီမီးများ ထွန်းလင်းပူဇော်မည်ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင် ဖုန်း-၂၂၂၆၃၈၊ အတွင်းရေးမှူး ဦးမောင်မောင်ဌေး ဖုန်း-၂၂၆၀၂၄၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဝင်း ဖုန်း-၂၂၀၃၀၉တို့ထံ ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (၄၃)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဝယ်ယူလျက်ရှိသော ရတနာကုန်သည်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမတို့၌ ကျင်းပလျက်ရှိသည့် ၂၀၀၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်သည် နံနက် ၉နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုလေ့လာမှုကို ကြည့်ရှုအားပေးပြီး အစည်းအဝေးခန်းမအတွင်း ပြည်တွင်းပြည်ပ ရတနာကုန်သည်များက မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းနေမှုကိုလည်းကောင်း၊မြန်မာကွန်ဗင်းရှင်းစင်တာပထမထပ်ရှိ အရည်အသွေးမီ ကျောက်စိမ်းအတွဲများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုနေကြသော ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ခန်းမ၌ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မွန်းလွဲပိုင်းတွင် ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

ဝယ်ယူ

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ ကျောက်မျက်အတွဲများကို ယနေ့နံနက် ၉ နာရီမှ ညနေ ၃နာရီ ၄၅မိနစ်အထိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ရတနာကုန်သည်များအား တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ကျောက်မျက်အတွဲပေါင်း ၄၀ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၂၃ရက်မှ ၂၉ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၂နိုင်ငံ၊ ကုမ္ပဏီ ၄၇၇ခုမှ ရတနာကုန်သည် ၁၈၂၅ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၉၈ခုမှ နိုင်ငံသား ရတနာကုန်သည် ၁၂၈၇ဦး စုစုပေါင်း ရတနာကုန်သည် ၃၁၁၂ဦးလာရောက်ဝယ်ယူလျက်ရှိကြသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၁)ရပ်ကွက် ဓမ္မာရုံ(၁)လမ်းနေ ဦးကျော်သိန်း-ဒေါ်ယဉ်ယဉ်နု မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို တွဲဖက်အတွင်းရေးမှူး ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၂) ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက်ကိုရီးယား ခရီးသွားဆောင်းပါး 'ဝယ်လက်များနေသော ဒရာမာပို့ကုန်များ'၊ ရန်ကုန်မြို့တော်ဝန်က လမ်းဘေးဈေးသည်များနှင့် တွေ့မည်၊ မြန်မာနိုင်ငံမှ မလေးရှားသို့တင်သွင်းသည့် ပို့ကုန် ၁၁ မျိုး အခွန်ကင်းလွတ်ခွင့်ထပ်မံရရှိ၊ ၂၈ ရက်ကျော်လျှင် နေပြည်တော်သို့သွားပြီး နိုင်ငံသားစိစစ်ရေးကတ် လုပ်ရမည်ဆိုသည်မှာ လုံးဝမဟုတ်မမှန်၊ ခရီးသွားစာရေးဆရာလည်းဖြစ် ဓာတ်ပုံပညာရှင်လည်းဖြစ်သည့် အမေရိကန်သူ ဘရင်ဒါ ဒေးဗစ်ဆန်ရှက်ဒေါ့ခ်နှင့် အင်တာဗျူး စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဟင်နရီ သို့မဟုတ် ကမ္ဘာ့အကောင်းဆုံးဆုနဲ့ ထိုက်တန်လေသူ' အားကစားသတင်းဆောင်းပါးနှင့်အတူ ကိုရီးယား ဘန်ကီ-မွန်း အာရှသားတစ်ဦး ကုလထွေချုပ် ရွေးချယ်ခံရ၊ တောင်ကုန်းတစ်လုံးနှင့် အိန္ဒိယလုလင် လက်ထပ်ထိမ်းမြား၊ ဝန်ကြီးချုပ်ဟောင်း သက်ဆင် နိုင်ငံသို့ပြန်လာခွင့်ရှိ၊ သို့သော် အချိန်မတန်သေး စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

ဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၃ ရက်က မော်တင်ရပ်ကွက် ဓမ္မာရုံတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးတင်ရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဝင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အတ္တလန္တိတ် ဟာရီကိန်းမုန်တိုင်းနှင့် ဆာဟာရသဲမုန်တိုင်းတို့ ထူးခြားသောဆက်စပ်မှုများရှိနေကြောင်း ပညာရှင်များတွေ့ရှိ

မက်ဒီဆင် (ဝစ္စကွန်ဆင်) အောက်တိုဘာ ၂၂

အတ္တလန္တိတ်သမုဒ္ဒရာအတွင်းဖြစ်ပေါ်သော ဟာရီကိန်းမုန်တိုင်းများနှင့် ဆာဟာရသဲကန္တာရအတွင်း ဖြစ်ပေါ်သော သဲမုန်တိုင်းများအကြား ထူးခြားသော ဆက်နွှယ်မှုမှုများရှိနေသည်ဆိုသောအချက်ကို အမေရိကန် သိပ္ပံပညာရှင်တစ်စုက ထုတ်ဖော်တင်ပြခဲ့ကြကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

အတ္တလန္တိတ်သမုဒ္ဒရာ အတွင်း၌ ဟာရီကိန်း မုန်တိုင်းများ အစီအရီ ပေါ်ပေါက်သောနှစ်များတွင် ဆာဟာရသဲကန္တာရအတွင်း၌ သဲမုန်တိုင်းများ ဖြစ်ပေါ်မှုမရှိသလောက်ပင် ဖြစ်သည်ကို ပညာရှင်များက သတိပြုမိကြသည်။ တစ်ဖန် ဆာဟာရသဲကန္တာရတွင်း၌ သဲမုန်တိုင်းများ များပြားသောနှစ်မျိုးတွင် အတ္တလန္တိတ်သမုဒ္ဒရာတွင်း၌ ဟာရီကိန်းမုန်တိုင်းဖြစ်ပွားမှု အားနည်းသည်ကို တွေ့ကြရသည်ဟု ပညာရှင်များက ရူပ-ပထဝီသုတေသန စာစောင်တွင် ရေးသားဖော်ပြခဲ့ကြသည်။

သုတေသီများသည် ၁၉၈၁ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ စုဆောင်းရရှိထားသော ဂြိုဟ်တုဓာတ်ပုံများကို အခြေခံ၍ ဖော်ပြပါ ထူးခြားသည့် ဆက်နွှယ်ချက်သဘောတရားတစ်ရပ်ကို တင်ပြနိုင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းသုတေသီများ ဝစ္စကွန်ဆင်-မက်ဒီဆင် တက္ကသိုလ်မှ ပညာရှင်များဖြစ်သည်။

ဆာဟာရသဲကန္တာရအတွင်း လေပူနှင့်လေအေးများ ထိတွေ့တိုက်မိကြသောအခါ သဲမုန်တိုင်းများ ဖြစ်ပေါ်လာသည်။ ထိုအခါ သဲမုန်တိုင်းများသည် ဖြစ်ပေါ်လာသော လေပွေနှင့်အတူ အထက်သို့ မြင့်တက်သွားပြီး



ထိုသဲမုန်တိုင်း ထုကြီးသည် အနောက်ဘက်အရပ်သို့ ရွေ့လျားရာမှ မြောက်ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာဆီသို့ ဆက်လက် လွင့်မျောသွားသည်။

သဲမုန်တိုင်းများသည် များသောအားဖြင့် နွေရာသီလများနှင့် ဆောင်းရာသီလများ၌သာ ဖြစ်ပေါ်လေ့ရှိသည်။ သို့ရာတွင် အချို့သောနှစ်များတွင် သဲမုန်တိုင်းကြီးများ လုံးဝမဖြစ်ပေါ်သည့် အခြေအနေများလည်း ရှိသည်။

လူများအနေဖြင့် မိုးလေဝသ အခြေအနေကို လေ့လာရာ၌ ဂြိုဟ်တုများကို မသုံးနိုင်မီအချိန်အထိ သဲကန္တာရမုန်တိုင်းများနှင့် ဟာရီကိန်းမုန်တိုင်းများ ဆက်စပ်မှုရှိနိုင်သည် ဟူသောအချက်ကို သဘောပေါက် သိမြင်ခဲ့ကြခြင်းမရှိဟု သုတေသီ အာမိုတိုအီဗန်က ထုတ်ဖော်ပြောကြားသည်။

အတ္တလန္တိတ် ဟာရီကိန်းမုန်တိုင်းများအပေါ် အပြောင်းအလဲဖြစ်ပေါ်စေနိုင်သည့် ဩဇာလွှမ်းမိုးနိုင်သော အချက်အလက်များ များစွာရှိနိုင်သည်။ ထိုအချက်များတွင် သမုဒ္ဒရာရေပြင်၏ အပူချိန်သာမက ကန္တာရ သဲမုန်တိုင်းများ၏ အကျိုးသက်ရောက်မှုလည်း ပါဝင်နိုင်သည်ဟု သုတေသီများက ယူဆကြသည်။

ယခုလေ့လာမှုက သဲကန္တာရဖုန်မုန်တိုင်းများသည် ဟာရီကိန်းမုန်တိုင်းများအပေါ် တိုက်ရိုက် ဩဇာသက်ရောက် စေသည်ဟု အခိုင်အမာဖော်ပြနေသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ သဲမုန်တိုင်းများနှင့် ဟာရီကိန်းမုန်တိုင်းများသည် တစ်နည်းတစ်လမ်း ဆက်စပ်မှုရှိနေသည်ဟုသာ ဆိုလိုခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက မှတ်ချက်ပြုကြသည်။ ထိုအချက်ကို ဖော်ထုတ်သိရှိလိုလျှင် သုတေသနလုပ်ငန်းများ ထပ်မံဆောင်ရွက်သွားရန် လိုအပ်ကြောင်း သုတေသီများက ပြောကြားကြသည်။

အင်တာနက်

စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်ခင်း

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်တွင် ပုရိမဝါမှ ထတော်မူကြကုန်သော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရ အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်သည့် စုပေါင်းမဟာဘုံကထိန် အခမ်းအနားကို အဆိုပါကျောင်းတိုက်၌ ယနေ့ကျင်းပသည်။

အခမ်းအနားတွင် တိပိဋကဓရ တိပိဋကကောဝိဒ အရှင်သုန္ဒရက ငါးပါးသီလ ချီးမြှင့်ပေးပြီး စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းက ဝမ်းမြောက်စကား ပြောကြားသည်။ ဆက်လက်၍ ကထိန်ဒါယကာ ဦးဘခင်၊ ကထိန်ဒါယိကာမ ဒေါ်ရှုကြည်၊ ညီမ ဒေါ်ရီမေသန်းမိသားစုနှင့်စွန်းလွန်းယောဂီများက သံဃာတော်များအား ကထိန်လျာသင်္ကန်းများ ဆက်ကပ်ကြသည်။ ယင်းနောက် တိပိဋကဓရ ဆရာတော်က ကထိန်အနုမောဒနာတရား မြွက်ကြားကြောင်း သိရသည်။

(က-ပ)

အထက(သုဝဏ္ဏ)မြတ်ဆရာပူဇော်ပွဲ အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ)၏ ပဥ္စမအကြိမ်မြောက် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီမှ ကြီးမှူး၍ ပထမအကြိမ်မတည်အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်း၊ ကော်မတီဥက္ကဋ္ဌ ဦးလှတင်၊ ဒု-ဥက္ကဋ္ဌများဖြစ်ကြသော ဦးစိုးပိုင်၊ ဗိုလ်မှူးအောင်မြတ် (အငြိမ်းစား) နှင့် အဖွဲ့ဝင်များ၊ အလှူရှင်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပထမအကြိမ်မတည်ငွေအဖြစ် စုစုပေါင်းအလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းကြသည်။

(အပေါ်ပုံ)

ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အလှူငွေများပေးပို့လိုပါက ဦးထွန်းမင်း(ကျောင်းအုပ်ကြီး)ဖုန်း-၅၆၃၆၆၇၊ ဦးစိုးပိုင် ဖုန်း- ၅၇၀၄၄၀၊ ဒေါ်ရီရီမြင့် ဖုန်း-၅၆၅၂၄၇နှင့် ဦးဥက္ကာအေး ဖုန်း- ၀၉-၅၁၄၄၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၀-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပျိုမေတို့လှစေဖို့(အပိုင်း-၂)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	MRTV-4ကျန်းမာရေးကဏ္ဍ (ဒေါက်တာစောဝင်းနှင့် တွေ့ဆုံခြင်း)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကွန်ရက်ပမာယုက်သွယ်ဖြာ
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	Yangon Panorama (ဘိုဖြူ၏ တေးစီးရီးမိတ်ဆက်ပွဲ)
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	“စိတ်”မှစတဲ့သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် “ဝါဝါဝင်းရွှေ”
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	Celebrity Style (ဂန္ထဝင်နှင့်တွေ့ဆုံခြင်း)
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	အပန်းဖြေစရာ ရန်ကုန်မြစ်တွင်းမှာ
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	ချည်ခင်၊ချည်မျှင် ပိတ်စအသွင်
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (ရဲယိုရွက်နှင့် ငါးခူစဉ်းကောဆီပြန်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အင်တာနက်အားကစားသတင်းများ

မန်ချက်စတာယူနိုက်တက်က လီဗာပူးအသင်းကို နိုင်

လန်ဒန် အောက်တိုဘာ ၂၂

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းက လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် အကြိမ် (၅၀၀) မြောက်ပွဲကစားသူ ပေါလ်စခိုးလ်သည် ပွဲချိန် ၃၉ မိနစ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၆၆ မိနစ်တွင် ရီယိုဖာဒီနန်က ဒုတိယအနိုင်ဂိုးကို သွင်းယူခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲအပြီးတွင် ၂၂ မှတ် ရရှိထားပြီး လီဗာပူးအသင်းမှာမူ ၁၁ မှတ်သာ ရရှိထားသည်။

အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် ကျင်းပသော ယင်းဘောလုံးပွဲသို့ လာရောက်ကြည့်ရှုသူ ၇၅၈၂၈ ဦးရှိရာ စံချိန်တင်ဦးရေဖြစ်သည်။

အင်တာနက်

ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ပေါလ်စခိုးလ် (ဝဲ) က ဘောလုံးကို ဖျက်ထုတ်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်လာလီဂါဘောလုံးပြိုင်ပွဲ ဒီပေါ်တီဗိုအနိုင်ရ

မဒရစ် အောက်တိုဘာ ၂၂

အောက်တိုဘာ ၂၁ ရက်က ကျင်းပသော စပိန်လာလီဂါ(ပရီမီယာလီဂါ) ဘောလုံးပြိုင်ပွဲ တွင် ဒီပေါ်တီဗိုကော်ရူနာအသင်းက အတ္တလက်တီကိုမဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယင်းအသင်းသည် အမှတ်ပေးဇယားတွင် ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ဒီပေါ်တီဗိုအသင်းသည် ခုနစ်ပွဲကစားပြီးချိန်တွင် ၁၄ မှတ်ရရှိထားသည်။ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှရှိနေသော ဘာစီလိုနာအသင်းနှင့်စာလျှင် နှစ်မှတ်ပိုမိုလျော့နည်းသည်။ တတိယနေရာတွင် ရှိနေသော ဗလင်စီယာအသင်းမှာမူ ၁၃ မှတ်ရရှိထားသည်။ ***အင်တာနက်***

ဘေယန်မြူးနစ်နောက်တန်းလူ လူစီယို ခြေကျင်းဝတ်တွင် ထိခိုက်ဒဏ်ရာရ

ဘာလင် အောက်တိုဘာ ၂၂

ဘေယန်မြူးနစ်အသင်းမှ နောက်တန်းလူ လူစီယိုသည် ခြေကျင်းဝတ်တွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ရက်သတ္တသုံးပတ်ခန့် ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

စနေနေ့က ဝါဒါဘရီမင်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် လူစီယို ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲတွင် ဝါဒါဘရီမင်အသင်းက ဘေယန်မြူးနစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဝါဒါဘရီမင်အသင်းရရှိသော တတိယမြောက်ဂိုးမှာ လူစီယိုက ကိုယ့်ဂိုးကိုယ်သွင်းမိခြင်းဖြစ်သည်။ ဘရာဇီးလူမျိုး ဘောလုံးသမားလူစီယို ဒဏ်ရာရရှိမှုဖြစ်ရပ်မတိုင်မီ ဘေယန်မြူးနစ်အသင်းမှ နောက်တန်း ဘောလုံးသမားတစ်ဦးဖြစ်သူ ဗယ်လာရီယန်အစ္စမေးလ်ထိခိုက်ဒဏ်ရာရသည့်ဖြစ်ရပ် ဩဂုတ်လတွင် ပေါ်ပေါက်ခဲ့သည်။

အင်တာနက်

ယနေ့ မိုးလေဝသ (၂၃-၁၀-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မာန်အောင်မြို့နယ်အသင်း ကထိန်သင်္ကန်းကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၂

မာန်အောင်မြို့နယ် အသင်း (ရန်ကုန်) ၏ (၁၂)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၉ ရက်တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရွှေတိဂုံစေတီ အရှေ့ဘက်မုခ်အနီး အာဇာနည် ဗိမာန်လမ်း ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းသား၊ အသင်းသူများ၏ သားသမီးများသည် ဗိုလ်မှူးအောင်စိန် (ငြိမ်း) ဖုန်း-၅၀၁၀၂၆၊ ဦးအုန်းမြင့် ဖုန်း-၅၆၁၇၈၀ နှင့် ဦးသိန်းဖေ ဖုန်း-၅၀၁၈၄၆ Ext: 331 တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ခာတုဗေဒဘွဲ့ရကျောင်းသားဟောင်းများ ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

၁၉၇၄-၁၉၇၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဦးလှသိန်း ဖုန်း- ၂၂၄၄၀၀၊ ဦးထွင်ထွင် ဖုန်း- ၂၉၃၃၆၆၊ ဦးလှမောင်ရွှေ ဖုန်း-၀၉ ၅၂၀ ၀၅၈၄၊ ဦးမောင်မောင်အေး ဖုန်း-၂၂၇၃၂၂၊ ဦးကျော်မိုးစိန် ဖုန်း-၀၉ ၉၉ ၂၅၆၀၃၊ ဒေါ်နွေနွေအောင် ဖုန်း-၂၂၅၅၀၂နှင့် ဒေါ်ဝေဝေသန်း ဖုန်း-၅၁၉၁၁၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မကွေးဥပစာကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

မကွေး ဥပစာကောလိပ် (၁၉၅၈-၁၉၆၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရွှေကျင်မြို့နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သွားဘက်ဆိုင်ရာကုသမှုခုံ သရုပ်ပြရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၂

ကျန်းမာရေးနှင့်ပတ်သက်သော ဆေးနှင့်ဆေးပစ္စည်း ကိရိယာများကို တင်သွင်းဖြန့်ချိနေသော Zi Za Wa Health Care မှ ဂျာမနီနိုင်ငံ၏ ခေတ်မီနည်းပညာဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ထုတ်လုပ်သော Sirona Foshan အမှတ်တံဆိပ် Dental Chair မိတ်ဆက်ပွဲနှင့် သရုပ်ပြရှင်းလင်းပွဲကို ယမန်နေ့ ည၇နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ အသင်းဥက္ကဋ္ဌ ဒေါက်တာဘမြင့်က အဖွင့်အမှာစကားပြောကြား၍ Zi Za Wa Health Care မှ ဒါရိုက်တာ ဒေါက်တာ စောမရအောင်က Dental Chair အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြ မိတ်ဆက်ပြီး မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

Zi Za Wa Health Care သည် အမှတ်(၂၁၈)ဗိုလ်ချုပ်လမ်း ဗိုလ်တထောင်မြို့နယ်၌တည်ရှိပြီး ရန်ကုန်မြို့အပါအဝင် ပြည်နယ်/တိုင်းအသီးသီးရှိ မြို့များသို့ နှလုံးထဲတွင် ထည့်ထားရသော နှလုံးသွေးကြောချဲ့ကိရိယာ အပါအဝင် ဆေးဘက်ဆိုင်ရာ ခေတ်မီ ကိရိယာများ တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

Zi Za Wa Health Care မှ **ဒါရိုက်တာ ဒေါက်တာ စောမရအောင်** Dental Chair **နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

AA Electronics Ltd.

၁။ **Technician (Aircon, Refrigerator, Washing Machine)** ၅ ဦး(ကျား)
- လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။

၂။ **Technician (TV,VCD,DVD)** ၅ ဦး(ကျား/မ)
- B.E (EC) (or) B.Sc (Phy) (or) AGTI (EC)
- အောင်မြင်ပြီးသူဖြစ်ပြီးလုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၃။ **Sales Promotor** ၅ ဦး(ကျား/မ)
- အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူ ဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်(CV)၊ ဖုန်းနံပါတ်၊ အကျင့်စာရိတ္တထောက်ခံစာ(ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ အိမ်ထောင်စုဇယား မိတ္တူနှင့်အတူ အမှတ်၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plaza (ပ)ထပ်သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်

(The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့်
Design Printig Services Co., Ltd. တို့
ပူးပေါင်းဆောင်ရွက်ပြီး
နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်
(The Map of Naypyitaw)
ထုတ်ဝေတော့မည်ဖြစ်ပါသဖြင့် လုပ်ငန်းရှင်များအနေဖြင့်
ကြော်ငြာများ ထည့်သွင်းလိုသူများ အမြန်ဆုံး
အောက်ဖော်ပြပါနေရာများတွင် စုံစမ်းဆက်သွယ်နိုင်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
(၀၆၇) ၄၁၄၂၉၄၊ ၄၁၄၂၉၃၊ ၄၁၄၂၉၂
Design Printing Services Co., Ltd.
(၉၅-၁)၂၀၄၀၂၀၊ ၅၇၀၀၂၇

Awba

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်ဟု ခေါ်တွင်သော အဆောက်အအုံတွင် ဖွဲ့စည်းတည်ထောင်ထားသော "မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်"တွင် မန်နေဂျင်း ဒါရိုက်တာ ဦးသတိုးဟိန်း[၁၂/မရက(နိုင်)၀၀၃၄၀၃]၏ လွှဲပြောင်းညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

"မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်"သည် ရွက်ဖျန်းဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအမျိုးမျိုး၊ စိုက်ပျိုးရေးမျိုးစေ့များ၊ စိုက်ပျိုးရေးသုံးပစ္စည်းအမျိုးမျိုး၊ တိရစ္ဆာန်ဆေးအမျိုးမျိုးနှင့် "သြဘာဆေးဝါး ထုတ်လုပ်ရေးအမည်ဖြင့် မြန်မာတိုင်းရင်းဆေးအမျိုးမျိုး"တို့ကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

"မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်"အမည်ဖြင့် အထက်ဖော်ပြပါ လုပ်ငန်းများမှလွဲ၍ အခြားမည်သည့် စီးပွားရေးလုပ်ငန်းကိုမျှ လုပ်ဆောင်ခြင်းမရှိကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

"မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်"၏ အမည်အား အလွဲသုံးစားပြုလုပ်ပြီး အခြားစီးပွားရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ကြောင်းနှင့် "မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်"၏ ဂုဏ်သိက္ခာထိခိုက်စေမည့် ပြောဆိုခြင်းများ၊ ပြုမူဆောင်ရွက်ခြင်းများကို စုံစမ်းသိရှိရပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)
ဒေါ်လှလှခိုင်(LL.B)
တရားရုံးချုပ်ရှေ့နေ(၅၄၁၀)
အမှတ်(၉/၁၁)၊ အခန်း(၂၀၁-E)
ဒုတိယထပ်၊ (၃၆)လမ်း၊ အောက်ဆုံးဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ အထူးလေယာဉ်သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းနှင့် တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် Chief of General Staff, General Liang Guanglie တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglie တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတ နိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff, General Liang Guanglieအား နေပြည်တော်လေဆိပ်တွင် ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဌမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ ခေတ်ကာလတွင် တိုင်းတစ်ပါးအတွေးခေါ်၊ အယူအဆ၊ တိုင်းတစ်ပါးယဉ်ကျေးမှုတို့သည် ခေတ်မီသတင်းနှင့်ဆက်သွယ်ရေးနည်းပညာရပ်များ (Information and Communication Technology- ICT) ကိုအသုံးပြုပြီး ကမ္ဘာ့မီဒီယာများ၊ အင်တာနက်များအပါအဝင် ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်များမှတစ်ဆင့် နည်းလမ်းအသွယ်သွယ် အရှိန်အဟုန်ကောင်းကောင်းဖြင့် အလုံးအရင်းဝင်ရောက်လျက်ရှိရာ အချို့သော ငယ်ရွယ်ရိုးသားဖြူစင်သည့် လူငယ်များအကြားလွှမ်းမိုးနေရာယူလာခဲ့ပြီး မိမိရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားလေးစားမြတ်နိုးမှုများလျော့နည်းခြင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**